စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# ဒေါင်းနွယ်ဆွေ
# ကဗျာပေါင်းချုပ်

mgyoe.com

ပန်းဖူးနွယ်ညွှန့်၊ မလွန့်သာအောင်
ကျောက်တောင်နင့်ဖိ၊ သတ်လေဘိလည်း
ဘူမိမြေမှ၊ အမြစ်ကြွ၍
မိုးဝတိုင်ရောက်၊ ငါလျှင်ဖောက်မည်
အို…ကျောက်ဆောင်ကြီး
သင်သာ ရုက်ဖွယ်လိလိတည်း။

ကဗျာပေါင်းချုပ်

poem0005
3000.00 Ks

mgyoe.com

mgyoe.com

ဒေါင်းနွယ်ဆွေကဗျာပေါင်းချုပ်၊
မျက်နှာဖုံးပန်းချီ - ဇော်မောင်၊ စာမျက်နှာ ၃၅၆ မျက်နှာ၊
၁၁ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဒေါင်းနွယ်ဆွေ
# ကဗျာပေါင်းချုပ်

ပထမအကြိမ်၊ ၂၀၀၅

mgyoe.com

mgyoe.com

ကဗျာဆရာကြီးဒေါင်းနွယ်ဆွေ၏
ကဗျာလက်ရာများကို လက်လှမ်းမီသမျှ စုစည်းထားခြင်းဖြစ်ပါသည်။
ဆရာကြီး၏ နာမည်ကျော်ကဗျာအရှည်လုံးချင်းများမှာမူ
ယခုစာအုပ်တွင် ပါဝင်ခြင်းမရှိပါ။
ထို့အတူ ကဗျာအတို အတော်များများလည်း
ကျန်ရစ်ခဲ့ဦးမည် ဖြစ်ပါသည်။
အဆောတလျင် စုစည်းကြသော အစီအစဉ်သာဖြစ်သဖြင့်
ထပ်မံထုတ်ဝေဖြစ်ကြဦးမည်ဆိုလျှင်
ယခုထက်ပိုမိုစုံလင်သော
ကဗျာပေါင်းချုပ်စာအုပ်ကြီး ဖြစ်လာနိုင်မည် ထင်ပါသည်။

လေးစားစွာဖြင့်
စီစဉ်သူများ

mgyoe.com

mgyoe.com



ဒေါင်းနွယ်ဆွေ (၁၉၃၁–၁၉၈၅)

၁၉၆၂ ခုနှစ်၊ အမျိုးသားစာပေညီလာခံတွင် အမှာစကားပြောကြားနေပုံ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

- ဆရာဒေါင်းနွယ်ဆွေ၏ အတ္ထုပ္ပတ္တိအကျဉ်း (က)
- ရေးတိုင်းသာ ကဗျာဖြစ်လျှင် (အမှာစာ) (င)
- လက်ရေးမူများ (ဗ)

ကဗျာဆရာဘဝ ...

၁။ သေမင်းလက်နှင့် ရေးသောကဗျာ ၂
၂။ နိုးလျက်နှင့် အိပ်မောကျ၍နေသူ ၃
၃။ အမည်မဲ့ကဗျာများ ၅
၄။ ဘဝမရှိ ကဗျာမသိ ၆
၅။ မရှိသောမိတ်ဆွေသို့ ဖိတ်ခေါ်ခြင်း ၇
၆။ လက်ာသစ်ရှာ မောခဲ့ပါသော် ၉
၇။ လက်ာဆရာ၏ အိပ်ခြင်းရှည် ၁၀
၈။ လူ့စက်ဝိုင်း ၁၂
၉။ ကဗျာဆရာ ၁၃
၁၀။ တစ်ခါတလေ ၁၄
၁၁။ စာဆိုဟူသည်ကား ၁၆
၁၂။ ကြယ်ခြေရာကောက်ပါလို့ ၁၇
၁၃။ ကဗျာဆရာ၏ ဒေါသ ၁၈
၁၄။ ထာဝရနက္ခတ်ကဗျာအိပ် ၁၉
၁၅။ ကဝိကဗျာ၏ အရှိသရာသို့ ကန်တော့ခန်း ၂၀
၁၆။ လောကကိုသာ ပေးချင်ပါသည် ၂၁
၁၇။ မဟာစန္ဒကူးပင် ကဗျာဂန္ဓဝင်စစ်တမ်း ၂၂
၁၈။ လွတ်နေသော သုခမိန် ၂၇
၁၉။ အမှောင်လွှမ်းသော ဝေဖန်လွှာ ၂၈
၂၀။ ရဲတိုက်ဟောင်းမှ စောင်းသမား ၂၉
၂၁။ သံတံခါး၏ နောက်ကွယ်တွင် ၃၀

mgyoe.com

mgyoe.com

၂၂။ မိုးသောက် လက်ာပန်း ၃၁
၂၃။ နန်းထိုက်တော် သင်ဇင် ၃၂
၂၄။ သင်နှင့် သင်သာ ၃၃
၂၅။ သောကသောင်မှ ရယ်သံ ၃၄
၂၆။ နေ့တစ်နေ့၏ နောက်ဆုံးကဗျာ ၃၅
၂၇။ စာရွက်ဝါကဗျာဟောင်း ၃၇
၂၈။ သဇင်သင်းလေတိုင်း ၃၈
၂၉။ ကာရန်မတွေ့သော ညတစ်ည ၄၀
၃၀။ ကြယ်နှင့် ကဗျာဆရာ ၄၁

နလုံးသားဖွဲ့ ကဗျာရေအလျှင် . . .

၃၁။ နွေပျောက်စကားထာ ၄၂
၃၂။ အရွက်ပြေပိတောက်ပန်း ၄၄
၃၃။ ပိတောက်ခက်နှင့် မြမျက်ရည် ၄၆
၃၄။ ငုံသူ ၄၈
၃၅။ ပိတောက်ပွင့်တူ မယ့်ချစ်သူ ၄၉
၃၆။ စောင်းသမားလေမှန်တိုင်း ၅၁
၃၇။ မိုးခေါ်လက်ာတေး ၅၃
၃၈။ မိုးဦးဖြိုင်ဖြိုင် ၅၅
၃၉။ သက်တန့်ကော်ဇော ခင်းလေလော့ ၅၇
၄၀။ ငယ်မူပြန် ကြာညိုအနမ်း ၅၈
၄၁။ ရာရင်းပျောက်သော အလက်ာ ၅၉
၄၂။ ဆိုမ်မက်ထဲ၌ အရှုံးပေးခြင်း ၆၀
၄၃။ မျက်ရည်ကို အဆိပ်ခပ်သူ ၆၂
၄၄။ ညပေါင်းများစွာ လွန်ပြီးမှ ၆၄
၄၅။ ပုရစ်ကသစ်နှင့် ကဗျာဆရာအဖြစ် ၆၅
၄၆။ လွမ်းည ဇာတ်သိမ်း ၆၇
၄၇။ မသေစေသော မေတ္တာ ၆၈
၄၈။ ရာသီ ၆၉
၄၉။ အနမ်းပါသော ထမင်းပွဲ ၇၀
၅၀။ အရှင့်ခြေအောက် ဦးခိုက်ရောက်လည်း ၇၁
၅၁။ မုန်းစကား ယုံတမ်း ၇၂
၅၂။ မျှင်းနှစ်ကြောင်း ဗီလာဝေး ၇၄

mgyoe.com

mgyoe.com

၅၃။ သခင်မ စံအိမ်သို့ ၇၅
၅၄။ နွေနန်းအိမ်သို့ အပြန် ၇၇
၅၅။ မီးပုံးပြာပြာ မောင်မလာ ၇၈
၅၆။ အလှတစ်ပါး ဘဝတခြား ၈၀
၅၇။ ကြိုးမဲ့တယောနှင့် အသည်းမရှိသော တေးသမား ၈၂
၅၈။ ကရုဏာနှင့် ဥပေက္ခာ ၈၄
၅၉။ ဗျာပါကျွန်ငယ် ၈၅
၆၀။ အသည်းလှော မီးပုံးကလေး ၈၆
၆၁။ နွေဦးသခင်မကလေး ၈၈
၆၂။ မုန်းပန်းပမာ အသည်းပြာပြာ ၉၀
၆၃။ တစ်ပွင့်နှင့် တစ်ပင် ၉၂
၆၄။ ခွာညိုသျှင့် ဆောင်းအိပ်မက် ၉၄
၆၅။ မုန်တိုင်းနှင့် အိပ်ပျော်နေသောပန်း ၉၅
၆၆။ စောင်းသံကြားတိုင်း မုန်းတော့သည် ၉၆
၆၇။ လမင်းကို နမ်းမိသဖြင့် ၉၇
၆၈။ အိပ်မက်စမ်းချောင်းနှင့် ကဗျာသစ်ရွက် ၉၈
၆၉။ ကျွန်ပ် စမ်းရေစီးသံ ၉၉
၇၀။ လွှမ်းမြရိပ်ကြယ်သရဝဏ် ၁၀၁

ဘဝတိုက်ပွဲနှင့် ဘဝအမြင် •••

၇၁။ စစ်နှင့်ပြည်သူ ၁၀၃
၇၂။ အားမာန်သစ် ၁၁၁
၇၃။ စပါးယောင်ဆောင်သော မြက်ရိုင်း ၁၁၂
၇၄။ အတ္တုပ္ပတ္တိ ၁၁၄
၇၅။ လမ်းပေါ်မှ မိန်းမဖြတ် မိခင်ကောင်း ၁၁၅
၇၆။ ပညာမရှိသော ပညာရှိ ၁၂၇
၇၇။ စောင်းကြိုးအားလုံး ပြတ်လေပြီ ၁၂၈
၇၈။ ငှါကိုသတ်လေ ငါမသေ ၁၃၀
၇၉။ နန်းဇာတိပေါ် ၁၃၁
၈၀။ ခေတ်ကိုဟန့်တားသူ ၁၃၂
၈၁။ ကြွေတော့မည့် ခေတ်ဟောင်းပန်း ၁၃၃
၈၂။ ဘက်လိုက်သော အနုပညာချိန်ခွင် ၁၃၄
၈၃။ ရွှေကျေး၏ ငိုကြွေးခန်း ၁၃၅

mgyoe.com

mgyoe.com


| | |
|---|---|
| ၈၄။ နေနှင့်လ ကမ္ဘာ့ရန် | ၁၃၆ |
| ၈၅။ လက်သင့်ရာမှ လက်သင့်ရာသို့ | ၁၃၇ |
| ၈၆။ ခြသေ့်သေနင့် မြေခွေးရှင် | ၁၃၈ |
| ၈၇။ ဆူးရှိသော သစ်ပင်အို | ၁၃၉ |
| ၈၈။ အဂတိနှင့် ပြိတ္တာဘုံ | ၁၄၀ |
| ၈၉။ အရိုးထဲမှ လောက် | ၁၄၁ |
| ၉၀။ အဟောင်းထဲမှ အသစ် | ၁၄၂ |
| ၉၁။ ခေတ်ရေစီးနှင့် လေ့အိုများ | ၁၄၃ |
| ၉၂။ ကြီးရာမှ ပြန်၍ငယ်သော ပညာရှိများ | ၁၄၄ |
| ၉၃။ ဘဝမေ့သော အနုပညာသည် | ၁၄၅ |
| ၉၄။ သူသေသောခါ ဘွဲ့မှပါ | ၁၄၆ |
| ၉၅။ ကြက်တူရွေး သုခမိန် | ၁၄၇ |
| ၉၅။ လှောင်အိမ်ထဲမှ ငှက်ကျေးတမာ | ၁၄၈ |
| ၉၆။ တန်ခိုးပြယ်သော မှတ်သုံလေ | ၁၄၉ |
| ၉၇။ ငါ့ပစ္စည်းများ ပြန်ပေးလော့ | ၁၅၀ |
| ၉၈။ တန်ပိုးမဲ့အသိနှင့် တန်ပိုးမဲ့ပစ္စည်း | ၁၅၆ |
| ၉၉။ ကောင်းကင်သို့ တောင်းဆိုခြင်း | ၁၅၈ |
| ၁၀၀။ စိတ်၏ရုပ်ပုံလွှာ | ၁၅၉ |
| ၁၀၁။ စက်ဝိုင်းထဲမှ ပြေးမလွတ်သူ | ၁၆၀ |
| ၁၀၂။ တုပြိုင်မှားလေသူ | ၁၆၁ |
| ၁၀၃။ ပိုးမျှင်အိမ် အကျဉ်းထောင် | ၁၆၂ |
| ၁၀၄။ အားသစ်သော နွေပုရစ်ပူး | ၁၆၄ |
| ၁၀၅။ မိုးစွေငှက်နှင့် နွေမီးလျှံ | ၁၆၆ |
| ၁၀၆။ မိုးတမန်တော် | ၁၆၈ |
| ၁၀၇။ ပိုးဟပ်ဖြူနှင့် ပင့်ကူနီ | ၁၆၉ |
| ၁၀၈။ ပင့်ကူအိမ် ပျက်စီးခြင်း | ၁၇၁ |
| ၁၀၉။ မိုးဦးသင်းကြာင့် | ၁၇၃ |
| ၁၁၀။ မိုးကုပ်စက်ဝိုင်းသွား ခရီးသည် | ၁၇၅ |
| ၁၁၁။ နောင်းကြွေခက် မှန်းသဇင် | ၁၇၇ |
| ၁၁၂။ မုန်တိုင်းကို ရင်ဆိုင်လော့ | ၁၇၉ |
| ၁၁၃။ ညီညွတ်ခြင်းမှ အင်အားစလော့ | ၁၈၀ |
| ၁၁၄။ ပင်လုံ၏ အားမာန် | ၁၈၂ |
| ၁၁၅။ သူရဲကောင်း၏ မော်ကွန်းသစ် | ၁၈၄ |


mgyoe.com

mgyoe.com

၁၁၆။ ငှက်တစ်ကောင်၏ ငြိမ်းချမ်းရေးဝတ္ထု ၁၈၆
၁၁၇။ သွေးစွန်းညဥ့်အိပ်မက် ၁၈၇
၁၁၈။ ခွင့်လွှတ်တတ်သော မိခင်မြေ ၁၈၉
၁၁၉။ စိတ်တစ်ခုနှင့် လူနှစ်ယောက် ၁၉၁
၁၂၀။ လူဆိုသောလူ ၁၉၂
၁၂၁။ ဥယျာဉ်မှူး၏ ထာဝရမန္တမ်းပန်း ၁၉၄
၁၂၂။ ဒုတိယအကြိမ် သူငယ်ပြန်ခြင်း ၁၉၅
၁၂၃။ သဝန်တိုသော ငါ ၁၉၇
၁၂၄။ ကျန်ရစ်ခဲ့မည့် ကဗျာတစ်ပုဒ် ၁၉၉
၁၂၅။ မသိ သံသရာလည်ခြင်း ၂၀၀
၁၂၆။ အနာဂတ်၏ အလှသစ်သို့ ၂၀၁
၁၂၇။ ထာဝရပညာသည် ပိုးစုန်းကြူးသို့ ၂၀၃
၁၂၈။ ပန်းမွေ့ရာ ရွှေကော်ဇောနဲ့ ၂၀၅
၁၂၉။ ကြောင် ၂၀၆
၁၃၀။ မျက်ကန်းလိပ်ပြာ ၂၀၈
၁၃၁။ အလင်းသစ်နှင့် မြေးတို့ခေတ် ၂၀၉

လောကသံဝေ . . .

၁၃၂။ လာလမ်းနှင့် ပြန်လမ်း ၂၁၁
၁၃၃။ မဆုံးနိုင်သော ခရီးရှည် ၂၁၃
၁၃၄။ ငါဘယ်သူနည်း ၂၁၄
၁၃၅။ မာနလွန်ပြီးကာလ၏ မေတ္တာစောင်းချင်းသစ် ၂၁၅
၁၃၆။ ရွှေကြာနွယ်၏ ဓမ္မအလင်္ကာတေး ၂၁၇
၁၃၇။ တရားမတွေ့သော တရားရှာသူသို့ ၂၁၈
၁၃၈။ ဇာတာဖောက်ပြန်သူ ၂၂၀
၁၃၉။ လောက၏ မျိုးဆက်အမွေ ၂၂၁
၁၄၀။ ဘယ်လမ်းသောလို့တွင် ၂၂၃
၁၄၁။ သင်ဘယ်မှာလဲ ၂၂၄
၁၄၂။ ကမ်းသစ်သို့ ၂၂၆
၁၄၃။ ခရီးအကြိုလမ်းဝယ် ၂၂၈
၁၄၄။ ဇရာယွန်းချိန် လွန်လေမှ ၂၃၀
၁၄၅။ အေးရိပ်ဆာယာ ၂၃၁
၁၄၆။ အသုံးမရှိသော အလင်းအင်အား ၂၃၄

mgyoe.com

၁၄၇။ ငိုလိုက်တော့ ကွန်ပျူတာ ၂၃၅
၁၄၈။ ပြန်ပါလေတော့ ညှော်သည်ဆိုး ၂၃၇
၁၄၉။ သေခြင်းရသ စမ္မအလင်္ကာ ၂၃၉
၁၅၀။ အကျည်းတန်သော အလုပဆုံးမြင်ကွင်း ၂၄၁
၁၅၁။ အကျိုးမဲ့ငိုခြင်း၏ အဆုံးစွန်ကာလတွင် ၂၄၄
၁၅၂။ အော်ပရေးရှင်း သီယေတာမှ ဆေးရုံည ၂၄၆
၁၅၃။ ခုတ်လေပွင့်လေ ပိတောက်တစ္ဆေ ၂၄၈
၁၅၄။ ခေါင်းခါခြင်း၏ အဘိဓမ္မာ ၂၅၀

လွမ်းချင်းကဗျာ...

၁၅၅။ သစ္စာတေး၏ စွမ်းအင် (ဦးပုညနေ့ သို့) ၂၅၅
၁၅၆။ ပန်းပွင့်သာကြွေ စာဆိုမသေ (ငွေတာရီ သို့) ၂၅၇
၁၅၇။ မဆန်းသောသေခြင်းမှ ထာဝရမပျောက်ဆုံးသူ
(ဇန်းမော်တင်အောင် သို့) ၂၆၃
၁၅၈။ မြေပြင်သို့ ပြန်လည်အပ်နှင်းခန်း (မိုးဝေ သို့) ၂၆၇
၁၅၉။ လူသာမသေ မသေထာဝရ အလုတေးမေတ္တာ (ရွှေပြည်အေး သို့) ၂၇၀
၁၆၀။ ကောက်ရိုးနွယ်ကို အနုပညာဝိညာဉ်သွင်းခဲ့သော
ကွယ်လွန်သူ (ဆရာဇေယျ) သို့ ၂၇၅
၁၆၁။ လွမ်းသူနှလုံးသား ပန်းတစ်ခွေ (မြင့်ကျော် သို့) ၂၇၈
၁၆၂။ သူ မသေ (ရှမဝဦးကျော် သို့) ၂၈၂
၁၆၃။ အရိုင်းစံပယ် မြေဝယ်ကြွေလွှယ်လေနယ်လွင့်ရှာပေါ့ (အောင်လင်း သို့)၂၈၄
၁၆၄။ စမ်းရေအမောဝယ် ပန်းအကြွေစောတယ်
(မောင်စစ်ငြိမ်းနှင့် မောင်ဆွေနွယ်သို့) ၃၀၈

ဒေါင်းနွယ်ဆွေသို့...

၁၆၅။ မရဏာညောင်စောင်းဝယ် (ပါရဂူ) ၃၁၀
၁၆၆။ ဒေါင်းနွယ်ဆွေနဲ့ ကျွန်တော် (မောင်စွမ်းရည်) ၃၁၅
၁၆၇။ ဘဝသာမြင် အလုထာဝစဉ် (တင်မိုး) ၃၂၀
၁၆၈။ ဒေါင်းနွယ်ဆွေ၏ ကဗျာပေါင်းစုများအပေါ်
စာရေးဆရာများ၏ ရှုမြင်သုံးသပ်ချက်များ (မောင်မြင့်မြတ်) ၃၂၉
၁၆၉။ ဝေးကမ္ဘာဆီသို့ တမ်းတခြင်း (တိုင်းရင်းမေ မမြင့်နွယ်) ၃၄၃
၁၇၀။ မျှော်လင့်ခြင်းတောင်ပံများ (ဂျွန်နွယ်) ၃၄၈
- ဒေါင်းနွယ်ဆွေ၏ စာအုပ်စာရင်း ၃၅၂

mgyoe.com
mgyoe.com

mgyoe.com



# ဆရာဒေါင်းနွယ်ဆွေ၏ အတ္ထုပ္ပတ္တိအကျဉ်း
## (၁၉၃၁–၁၉၇၅)

ဆရာကြီးဒေါင်းနွယ်ဆွေကို ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ သောကြာနေ့တွင် ပုသိမ်ခရိုင်၊ သာပေါင်းမြို့တွင် အဖ ရာဇဝတ်ဝန်ထောက် ဦးဘထိန်၊ အမိ ဒေါ်ဖုန်ရိန်တို့မှ ဖွားမြင်ခဲ့သည်။ မွေးချင်းသုံးယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်း အောင်သာဖြစ်ပြီး နောင်တွင် မောင်အောင်ဆွေဟု အမည်ပြောင်းသည်။

၁၉၄၀–၄၂ ခုနှစ်တွင် ငါးသိုင်းချောင်းမြို့၊ အမျိုးသားကျောင်းတွင် ပညာသင်သည်။ ၁၉၄၆–၄၇ ခုနှစ်တွင် ရန်ကုန်မြို့ ဗဟိုအစိုးရအထက်တန်းကျောင်း (ယခု လသာအထက်တန်းကျောင်း အမှတ် ၁)၊ ၁၉၄၇–၄၈ ခုနှစ်တွင် ပြည်သူ့သိပ္ပံအလွတ်ပညာသင်ကျောင်း၊ ၁၉၄၉–၅၁ ခုနှစ်တွင် ရေကျော် မက်သဒစ်ကျောင်းတို့တွင် ပညာသင်ကြားခဲ့ရာ တက္ကသိုလ်ဝင်တန်းထိ ပညာဆည်းပူးခဲ့သည်။

၁၉၆၁ ခုနှစ်တွင် စီးပွားရေးသတင်းစာ၌ ဘာသာပြန်အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး ၁၉၅၂ ခုနှစ်မှစ၍ ကလောင်သစ်မဂ္ဂဇင်း၌ နေသွေးနီနှင့်တွဲ၍ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ထို့ပြင် စာပေသစ်မဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

mgyoe.com

mgyoe.com

၁၉၅၃–၆၁ ခုနှစ်တွင် တိုင်းရင်းမေဂျာနယ်၌ အယ်ဒီတာ၊ ၁၉၆၁–၆၃ ခုနှစ်တွင် အလွတ်ပညာသင်ကျောင်းဆရာ၊ ၁၉၆၉ ခုနှစ်တွင် ဖြူနီညိုပြာမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာနှင့် အိုးဝေဂျာနယ်တွင် အယ်ဒီတာအဖွဲ့ဝင်၊ အုပ်ချုပ်မှုအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

စာပေသစ်မဂ္ဂဇင်း ဒုတိယအကြိမ် ထုတ်ဝေရာတွင် အောင်လင်း၊ မြင့်ဆွေတို့နှင့် တွဲဖက်၍ အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ သွေးသောက်မဂ္ဂဇင်းတွင်လည်း အယ်ဒီတာအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့သည်။

ဒေါင်းနွယ်ဆွေသည် ၁၉၄၉ ခုနှစ် ကျောင်းသားလှုပ်ရှားမှုနှင့် စာရေးသပိတ်ကာလမှစ၍ လူထုလူတန်းစားအဖွဲ့အစည်း၌ ပါဝင်လှုပ်ရှားခဲ့သည်။ ဗဟိုအစိုးရအထက်တန်းကျောင်းနှင့် ပြည်သူ့သိပ္ပံကျောင်း ကျောင်းသားသမဂ္ဂများတွင် သာမန်အမှုဆောင်အဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ကလောင်သစ်အဖွဲ့ကို စတင်တည်ထောင်သည်။ ၁၉၅၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ကဗျာဆရာအသင်းဥက္ကဋ္ဌဖြစ်ခဲ့ပြီး ၁၉၆၂ ခုနှစ် ပြည်သူ့ကဗျာဆရာအသင်းခွဲ ထူထောင်သောအခါ ပြည်သူ့ကဗျာဆရာအသင်းဥက္ကဋ္ဌ ဖြစ်လာသည်။

၁၉၅၁ ခုနှစ်တွင် မတရားအသင်း နိုင်ငံရေးဥပဒေပုဒ်မ ၁၇(၁) အရ အဖမ်းခံခဲ့ရသည်။ ထောင်တွင် ခုနစ်လ နေခဲ့ရသည်။ ၁၉၆၃ ခုနှစ်တွင်လည်း နောက်တစ်ကြိမ် အဖမ်းခံရပြီး ထောင်တွင် သုံးနှစ်နီးပါး နေခဲ့ရသည်။

ဗဟိုအစိုးရအထက်တန်းကျောင်းတွင် နေစဉ်ကပင် လက်ရေးစာစောင်များမှာ 'ဒေါင်းဒင်' ဟူသော ကလောင်အမည်ဖြင့် ကဗျာများ စရေးခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဟံသာဝတီသတင်းစာ၌ 'ဒေါင်းနွယ်ဆွေ' အမည်ဖြင့် ကဗျာ

mgyoe.com

mgyoe.com
များ စရေးခဲ့သည်။ မက်သဒစ်ကျောင်း၌ ပညာသင်စဉ် မက်သဒစ်ကျောင်း လက်ရေးစာစောင် မြန်မာစာ စာတည်းအဖြစ် တာဝန်ယူသည်။

'ဒေါင်းနွယ်ဆွေ'ဟူသော ကလောင်အမည်ဖြင့် ကဗျာများ၊ ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသည်။ 'ရယ်စရာ သောင်းခြောက်ထောင်' စာစောင်၌ 'စနေမောင်ပွေ'၊ 'ဒေါင့်ဒဲဒွန့်'၊ 'လေဥဒေါင်း' ဟူသော ကလောင်အမည်များကိုသုံးကာ ဟာသဝတ္ထုများ၊ ကဗျာများ ရေးသားခဲ့သည်။ တိုင်းရင်းမေဂျာနယ်၌ 'ဇင်ဦး' ကလောင်အမည်ဖြင့် ကဗျာများ၊ သွေးသောက်မဂ္ဂဇင်း၌ 'အောင်ဆွေ' ကလောင်အမည်ဖြင့် အားကစားဆောင်းပါးများကို ရေးသားခဲ့သည်။

ဒေါင်းနွယ်ဆွေသည် စာနယ်ဇင်းအသီးသီးတွင် ကဗျာအမျိုးအစားများစွာ ရေးသားခဲ့ရာ ကဗျာပုဒ်ရေပေါင်း လေးရာကျော် ရေးသားခဲ့သည်။ ထို့ပြင် ကဗျာဝတ္ထုရှည်များကိုလည်း ရေးသားခဲ့ရာတွင် 'မာန်' သည် ထင်ရှားလှသည်။

ဒေါင်းနွယ်ဆွေသည် စာနယ်ဇင်းများတွင် ရေးခဲ့ပြီးကဗျာများကို စုပေါင်းကာ ကဗျာ့ပုလဲကုံး၊ ပုလဲနီဒါန်း၊ လောကမျက်ကန်း၊ မိုးသောက်ပန်း၊ ချစ်သူ့မျက်နှာ ကဗျာစက်ဝိုင်း၊ လောကသစ္စာကိုရှာဖွေခြင်းနှင့် ကဗျာဝတ္ထုလေးပုဒ် စသော ကဗျာစာအုပ်များ၊ သင် ဘာကဗျာရေးမည်နည်း အမည်ရှိ ကဗျာဆိုင်ရာ သဘောတရားနှင့် အတတ်ပညာပိုင်းဆိုင်ရာ စာအုပ်၊ စာပေကဗျာဝေဖန်ရေး ပွဲတင်သံများ အမည်ရှိ စာပေဝေဖန်ရေးသဘောတရား အမြင်စာအုပ်၊ ကလျာမိမိမုန်း၊ မိုးဆန်သောမိုး၊ အသည်းနှင့်ထပ်တူ၊ ကဗျာလွတ်အနမ်း၊ မလွမ်းသာ ကြမ္မာနှောင်း စသော ဝတ္ထုရှည်ကြီးများနှင့် မုန်တိုင်းနှင့် ရွက်ဝါ၊ လမင်းကို သက်သေတည်၊ မဟာရန်သူတော် စသော ဝတ္ထုတိုပေါင်းစု စာအုပ်များ စသည်ဖြင့် စာအုပ်ပေါင်း ၅၅ အုပ် ရေးသားထုတ်ဝေခဲ့သည်။
mgyoe.com

mgyoe.com

၁၉၅၂ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ ကဗျာပြိုင်ပွဲ၌ **"စစ်နှင့်ပြည်သူ"** ကဗျာဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ချီးမြှင့်သည့်ဆုကို ရရှိခဲ့သည်။

၁၉၅၈ ခုနှစ်၊ အောက်တိုဘာလတွင် ဆိုဗီယက်ယူနီယံ တက်ရှကင့်မြို့၌ ကျင်းပသော အာရှ–အာဖရိက စာရေးဆရာညီလာခံသို့ မြန်မာနိုင်ငံ ကဗျာဆရာအသင်းကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

ထို့ပြင် ဒေါင်းနွယ်ဆွေသည် ရုပ်ရှင်လောကသို့လည်း ဝင်ရောက်ခဲ့ရာ **"ရင်ဝယ်ခင်တွယ် ဇော်လေးရယ်"** ရုပ်ရှင်ကားအတွက် ဇာတ်ညွှန်းရေးခဲ့ပြီး ရွှေရင်သိမ်းသစ်၊ လုလင်ငယ်သွေး၊ အပယ်ရတနာ၊ ချွေးကလေးစိုစို၊ လူ့မနောနှင့် ဇာခန်းဆီးနောက်ကွယ်မှာ ဇာတ်ကားများတွင် ဇာတ်ဆောင်တစ်ယောက်အဖြစ် ပါဝင်ခဲ့သည်။ **"မင်းဘယ်ပြေးမလဲ မိမာယာ"** ဝတ္ထုကို မြနန္ဒာရုပ်ရှင်မှ **"မင်းဘယ်ပြေးမလဲ မိချိုသဲ"** အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးရာ ဇာတ်ညွှန်းရေးသားခဲ့သည်။

ပြည်ဟိန်းကျော် အမည်ဖြင့် ဗေဒင်ဆရာလည်း လုပ်ခဲ့သေးသည်။

ဆရာကြီးဒေါင်းနွယ်ဆွေသည် ၁၉၈၅ ခုနှစ်၊ မတ်လ ၂၂ ရက်၊ နံနက် ၂ နာရီတွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်မြင့် (တိုင်းရင်းမေ မမြင့်နွယ်) နှင့်အတူ သားသမီးငါးယောက် ကျန်ရစ်သည်။

---

၁။ မြန်မာဝတ္ထုအညွှန်း (မလိခ)၊ ပုဂံစာအုပ်တိုက်၊ ပ–ကြိမ်၊ ဩဂုတ်၊ ၁၉၇၂၊ စာ–၁၁၁–၁၁၃။

၂။ ရှုမဝမဂ္ဂဇင်း၊ အတွဲ ၃၈၊ အမှတ် ၄၅၆၊ မေ၊ ၁၉၈၅၊ စာ–၁၁၆။

၃။ ဒေါင်းနွယ်ဆွေစာစုစာရင်း (ပြုစုသူ–မခင်အေးမြင့်) စာကြည့်တိုက်ပညာဒီပလိုမာဘွဲ့အတွက် တင်သွင်းသောကျမ်း၊ လက်နှိပ်စက်မူ၊ အောက်တိုဘာ၊ ၁၉၉၅၊ စာ (င) မှ (ည)။

mgyoe.com

mgyoe.com

# ရေးတိုင်းသာ ကဗျာဖြစ်လျှင်

(၁)

'ကျွန်တော် တစ်နေ့ကို ကဗျာ ခြောက်ပုဒ်လောက် ရေးလို့ရတယ်။ ရေးကောင်းတိုင်းသာ ရေးရရင် တစ်လမှာ ကဗျာစာအုပ် တစ်အုပ်တော့ ပြီးမှာပဲ ..."

ကျောင်းစာကို ဘေးတွင်ချိတ်၍ နေ့ကဗျာ၊ ညကဗျာ၊ စိတ်ကူးရတိုင်း ကဗျာထဲတွင် ဘဝမြုပ်၍ တကုပ်ကုပ် ရေးသားလေ့ရှိသော ကဗျာရေးသားစ တက္ကသိုလ်ကျောင်းသားတစ်ဦးက ပြောလာသည်။

သူ့ကဗျာများကို ဖတ်ကြည့်သောအခါ တစ်ပုဒ်မျှ မည်မည်ရရ မရှိလှ။ စကားလုံးနောက်သို့ ကာရန်လိုက်၍ အလှတွင်နစ်မွန်းကာ မဲပြာပုဆိုး အလွမ်းကဗျာမျိုးတွေသာ ဖြစ်နေလေသည်။ ကဗျာတစ်ပုဒ်လုံးဖတ်၍သာ ဆုံးသွားသည်၊ သက်ပြင်းချစရာတစ်ကွက်ပင် မတွေ့ရ။ အတွေးကွန့်စရာ၊ စိတ်ကူးညွှန့်စရာဟူ၍လည်း အရေးအရောင်မျှ မတွေ့ရ။ ဖတ်နေရင်းကပင် သူ့ကဗျာများသည် မျက်လုံးအောက်မှ ပြေးထွက်ကုန်ကြသည်ဟု ထင်ရလေသည်။

"ဘယ့်နှယ်လဲ ... အားမနာတမ်း ဝေဖန်စမ်းပါ၊ ကျွန်တော့်ကဗျာတွေ ဘယ်လိုလဲ ... ကဗျာအဖြစ်နဲ့ ဘယ်လို အသိအမှတ်ပြုသလဲ ..."

mgyoe.com

mgyoe.com

မေးခွန်းရေတံခွန်များကိုသာ နားထောင်ရင်း နှုတ်ခမ်းများကိုသာ ထိန်းချုပ်ထားရပေသည်။ သူဝေဖန်ခိုင်းတိုင်းသာ ဝေဖန်လိုက်ရရင် တစ်နေရာတည်းတွင်ပင် နားထင်ကြောရှုံ့၍ ကဗျာကို တစ်သက်တွင် မရေးချင်သော စိတ်များ ပေါက်လာမည်စိုးသဖြင့် သူ့အတွက် အကောင်းဆုံးအဖြေကို ရှာဖွေရလေတော့သည်။

"ကောင်းသားပဲ ... မဆိုးလှပါဘူး ..."

အဝေဖန်ခိုင်းသူ၏မျက်နှာသည် ခလုတ်နှိပ်၍ အပြုံးခိုင်းလိုက်သကဲ့သို့ပင် တစ်မျက်နှာလုံး ဝင်းထိန်၍သွားလေသည်။

"ကဗျာဆရာဖြစ်ဖို့ သိပ်မလွယ်ဘူးလို့ ထင်တာ ... တကယ်ရေးတော့လည်း ဘာမှမဟုတ်ဘူးဗျ။ တစ်လနှစ်လလောက် အာရုံစိုက်လိုက်ရင် ကဗျာတွေ တစ်ပုံကြီးထွက်လာတာပဲ။ ကျွန်တော်တော့ ကဗျာကို သိပ်အထင်မကြီးဘူး..."

နားသာထောင်နေရသော်လည်း ရင်ထဲတွင် ငလျင်လှုပ်၍ လက်ဖဝါး ခြေဖဝါးများ ယားစပြုလာလေသည်။ သူ့မျက်နှာသည် နဂိုအနေအထားမှ တဖြည်းဖြည်း သေးငယ်၍သွားပြီး ဤမျက်နှာမျိုးလောက် ရယ်စရာကောင်းသော မျက်နှာလည်းမရှိတော့ဟု ထင်ရလေသည်။

"ကဗျာရေးတာက လွယ်ပါတယ်ဗျာ... လူတွေက ခက်အောင်လုပ်နေတာ ... ကဗျာက ခက်တာမဟုတ်ဘူး..."

တစ်လုံးပြီးတစ်လုံး ထပ်ဆင့်လာသော စကားများသည် ကဗျာနှင့် ဝေးသည်ထက်ဝေးသော စကားများသာ ဖြစ်လာလေသည်။ တဖြည်းဖြည်း ကဗျာကို စော်ကားရင်း သူ့နယ်နိမိတ်သည် ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းစပြုလာလေသည်။ ကဗျာကို စော်ကားရုံသာမက အတ္တအရိပ်အဝန်းအောက်တွင် အသက်ပျောက်တော့မည့် လူနာအသွင်သို့ ကူးပြောင်းစ ပြုလာလေသည်။

"ကဲ ... ဝေဖန်ဗျာ ... ကြိုက်သလိုသာ ဝေဖန်ပါ ..."

mgyoe.com

mgyoe.com

သူ့အတွက်ကို သူ မမြင်တော့ပေ။ အတင်းသာ ဝေဖန်ခိုင်းနေရာ ကဗျာလူပြက်ကို ဆုံးမရန် အချိန်တော်ပြီဟု ဆုံးဖြတ်လိုက်မိလေသည်။

"ခင်ဗျား ... ကဗျာဆက်ရေးဖို့ မကောင်းတော့ဘူးဗျ ..."

"ဗျာ ... ဘယ်လိုဗျ ... ဘယ်လို ..."

သူ့ကို ကဗျာဆက်ရေးရန်သာ တိုက်တွန်းမည်ဟု မျှော်လင့်ထားသည်နှင့် ဆန့်ကျင်သော စကားလုံးတို့ကို ကြားရသဖြင့် အံ့ဩတွေဝေသွားဟန်လည်း ရှိလေသည်။ မခံမရပ်နိုင်ဟန်လည်း ရှိလေသည်။

"ဒီလိုလေ ... ခင်ဗျားက တစ်နေ့ ကဗျာခြောက်ပုဒ်လောက် ရေးနိုင်တော့ ကဗျာကို လွယ်တယ်လို့ ထင်လာတယ်မဟုတ်လား။ ဒီတော့ ကဗျာကို အထင်မကြီးတော့ဘူး။ ကဗျာရေးတယ်ဆိုတာ ကဗျာကို အထင်ကြီးမှ ကဗျာကောင်းထွက်မယ်မဟုတ်လား ... ဒါပေမဲ့ ခင်ဗျားက ခင်ဗျားကိုယ်ခင်ဗျား အထင်ကြီးပြီး ကဗျာကို အထင်မကြီးတော့ ကဗျာဟာ အပေါစား ဖြစ်သွားတယ်။ ဒါကြောင့် ခင်ဗျား ကဗျာဆက်ရေးဖို့ မကောင်းတော့ဘူးလို့ ပြောတာ ..."

ခလုတ်နှိပ်သလို ပြုံးနေသော မျက်နှာသည် ခလုတ်မနှိပ်ဘဲ ဒေါသ ရောင်သန်းလျက် တောဝက်လို ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်စပြုလာလေသည်။

"ဒါတော့ ခင်ဗျား ကျွန်တော့်ကို သက်သက်နှိမ်တာပဲဗျာ ..."

"မနှိမ်ရပါဘူးဗျာ ... ကဗျာအပေါ်မှာထားတဲ့ ခင်ဗျားသဘောထားအတိုင်း ပြောရတာပါ။ ကျွန်တော်က ကဗျာကို အထင်ကြီးတယ်၊ ကဗျာကို ခင်ဗျားပြောသလို လွယ်ကူတဲ့နေရာမှာ မထားဘူး။ ခက်ခဲ နက်နဲတဲ့နေရာမှာပဲ ထားတယ်။ ကဗျာဟာ ကျွန်တော့်ဘဝ၊ ကျွန်တော့် အသက်ဝိညာဉ်၊ ကျွန်တော့် အရှင်သခင်။ ခင်ဗျားနဲ့ကျွန်တော် မတူတဲ့အချက်ကို

mgyoe.com

mgyoe.com
ခင်ဗျား သိရင် တော်ပါပြီ။ ဒါကြောင့် ခင်ဗျား ကဗျာဆက်ရေးဖို့ မကောင်းတော့ဘူးလို့ ပြောမိတာပါ ...”

သူသည် ဒေါသဝင်းဝင်းတောက်ကာ သူ့ကဗျာများကို ကြက်ငတ် အစာကောက်သလို ဆတ်ခနဲ ကောက်ယူလိုက်လေသည်။

“တော်ပြီဗျာ ... ခင်ဗျားဆီမှာ ကျွန်တော် ဘယ်တော့မှ ကဗျာမရေးတော့ဘူး။ ခင်ဗျားက ကျွန်တော့်ကို အလိမ္မာနဲ့ နှိမ်တာပဲ ... ကဗျာလောကကို စိတ်နာတယ်ဗျာ ...”

အတ္တကဗျာဆရာ၏ ကျွဲမြီးသည် ထက်ပိုင်းပြတ်ခဲ့လေပြီ။ မဆီမဆိုင် ပိန်းနဲ့ပင်ကို ရဲတင်းနှင့်ခုတ်၍ နောက်ဆုံး၌ ကဗျာလောကကိုပင် ပုတ်ခတ်လိုက်သေးလေသည်။

ထိုအတ္တကဗျာဆရာသည် နောင်သောအခါတွင်လည်း ကဗျာရေးသည်ကို မတွေ့ရတော့ပေ။ ကဗျာမုန်းသူစာရင်းတွင်လည်း ထိပ်ဆုံးမှပါဝင်၍ နောက်ဆုံး၌ အငြိမ့်သမတစ်ဦးနှင့် မရှင်းမရှင်းဖြစ်ကာ သီချင်းရေးဆရာယောင်ယောင် လူရွှင်တော်ယောင်ယောင်ဖြင့် သူ မပြတ်နိုး၊ အထင်မကြီးသော ကဗျာကို စွန့်ခွာကျောခိုင်းသွားလေသည်။

(၂)

စာရေးသူသည် အယ်ဒီတာဘဝဖြင့် တိုင်းရင်းမေဂျာနယ်တွင် တာဝန်ယူနေချိန်က ဖြစ်လေသည်။ စာတိုက်မှ ပေးပို့သော ကဗျာများ တစ်နေ့တစ်နေ့ ဖတ်၍ပင် မနိုင်အောင် ရှိလေသည်။ ထိုကဗျာများ ရွေးချယ်ရသည့် တာဝန်အပြင် နီးစပ်ရာ ကဗျာမိတ်ဆွေများကလည်း လက်ဆင့်ကမ်းကဗျာများ လာရောက်ပေးပို့ကြသေးရာ၊ အချိန်နှင့် အလုပ်သည် တက်သုတ်ရိုက်လျက် ဝိုင်းဝိုင်းလည် မအားလပ်နိုင်အောင် ရှိချိန် ဖြစ်လေသည်။

ကဗျာမိတ်ဆွေတစ်ဦးသည် ကဗျာပို့ရန် ကဗျာတစ်ပုဒ်မျှ လက်ထဲတွင် ပါမလာဘဲ ဆိုက်ရောက်လာလေသည်။
mgyoe.com

mgyoe.com

"စာရွက်လွတ်တစ်ရွက်လောက် ပေးစမ်းပါဗျာ"

အလုပ်များလွန်းသဖြင့် စကားတစ်ခွန်းမျှ ပြန်မပြောမိဘဲ စာရွက်လွတ် တစ်ရွက်ကိုသာ လှမ်းပေးလိုက်မိလေသည်။

ကဗျာမိတ်ဆွေသည် စာရွက်လွတ်တွင် ကြောင်ဖေဒင်တွက်သလို တကုပ်ကုပ် ရေးသားနေလေသည်။ ပါးစပ်မှလည်း ဆိမန်းမန်းသလို တတွတ်တွတ် ရွတ်နေသေး၏။

"တစ်ထိုင်တည်း လက်တန်းကဗျာတစ်ပုဒ် အပြီးရေးတာ သိပ်တော့ မလွယ်ဘူးဗျ။ ကျွန်တော်ကတော့ တော်တော်ကလေး အကျင့်ရနေလို့ ရေးနိုင်တာ"

ကဗျာမိတ်ဆွေသည် ထိုအခါတွင်မှ တစ်ထိုင်တည်းတွင် ကဗျာတစ်ပုဒ် အပြီးရေးနိုင်ကြောင်း ကိုယ်ရည်သွေးနေခြင်းကို ရိပ်စားမိလေတော့သည်။ တောင်းကိုမဖောက် တောင်ကို ဖောက်သော ပေလေးပင် ရှင်လေးပါးခေတ်ကို အားကျ၍လားမသိ၊ လက်တန်းကဗျာရေးသူဟူသော ဝင့်ကြွားခြင်း တံခွန်ကိုလည်း ထူလိုဟန်ရှိလေသည်။

"ဘယ်တိုက်ပဲ ကဗျာပို့ပို့ ကျွန်တော်တော့ အိမ်ကဘယ်တော့မှ ရေးမလာဘူး။ တိုက်ရောက်မှ ထိုင်ရေးတာများတာပဲ။ ဒါမှ ကဗျာကောင်း ရမယ်မဟုတ်လား။ ကဗျာဆိုတာ ဉာဏ်ပေါ်မှာ တည်တယ်။ ဒီကဗျာဉာဏ်ကို ဘယ်လိုဖမ်းယူသလဲဆိုတော့ လက်တန်းထိုင်ရေးရင်း ဖမ်းယူတာပဲ။ ကဲ.. ဒီကဗျာကလေး ဖတ်စမ်းပါဦးဗျာ။ ဘယ်လိုကဗျာမျိုးရဲ့ အဆင့်အတန်း ဝင်သလဲဆိုတာ"

ခြောက်ကြောင်းခန့်သာရှိသော ကဗျာတိုတစ်ပုဒ်ကို တိုတောင်းလှသော အချိန်တွင်းတွင်ပင် ရေးသားပြီးစီးကြောင်း ဝင့်ဝါသော မျက်နှာဖြင့်ပြောကာ လှမ်းပေးလာသဖြင့် ဆွဲယူဖတ်ကြည့်မိပေသည်။

သူ့ကဗျာသည် အကြောင်းအရာအားဖြင့်လည်း မဆန်းသစ်၊ အတွေးအခေါ်အားဖြင့်လည်း သိပ်သည်းနက်နဲခြင်း

mgyoe.com

mgyoe.com
မရှိပေ။ ကာရန်ချင်း ချိတ်ဆက်ယူထားရုံမှအပ ကဗျာတစ်ပုဒ် အနေဖြင့် ဘာမျှမထူးခြားသဖြင့် အင်းမလှုပ် အဲမလှုပ်ပင် ငြိမ်သက်နေမိလေသည်။

"ခင်ဗျားကြည့်ရတာ စိတ်မဝင်စားသလိုပဲ ... ကျွန်တော့် ကဗျာကို ဝေဖန်စမ်းပါဦးဗျ ..."

တစ်ထိုင်တည်းရေးသော ကဗျာကို တစ်ထိုင်တည်း အဝေဖန်ခိုင်းနေသဖြင့် ခေါင်းနောက်စ ပြုလာလေသည်။

အမှန်အားဖြင့် တစ်ထိုင်တည်း ကဗျာတစ်ပုဒ် အပြီးရေး ခြင်းကို မျောက်သစ်သီးခူးတာထက်ပင် လွယ်သယောင် ဟန်ရေးပြခြင်းသည်ပင် အမြင်ကပ်စရာလည်း ကောင်း၍ သနားစရာလည်း ကောင်းနေပေသည်။

"ကျွန်တော် မဝေဖန်ပါရစေနဲ့ဗျာ ..."

"ဘာဖြစ်လို့လဲဗျ ... ကျွန်တော့်ကဗျာ အဆင့်အတန်း မရှိလို့လား။ ရှင်းရှင်းနဲ့ ပြတ်ပြတ်သာ ပြောစမ်းပါ ..."

သစ်ငုတ်တိုကို တယောထိုးပြရသည်ထက်ပင် အဖြေရ ခက်လှလေသည်။ အချိန်ယူ၍ ရေးသားခြင်းကြောင့် ကဗျာ တစ်ပုဒ် မည်မျှလေးနက် ခိုင်မာသည်ကို ရှင်းပြရန်မှာလည်း ဝက်ပါးထဲတွင် ကင်းခြေများ လိုက်ဖမ်းသလိုသာ ရှိမည်ဖြစ် သောကြောင့် နှုတ်မဆိတ်သာ နေမိလေသည်။

"ဝေဖန်မှပေါ့ဗျ ... မဝေဖန်ရင် ဘယ်တိုးတက်ပါ့မလဲ။ ကဗျာမှာလည်း ဝေဖန်ရေးဆိုတာ လိုအပ်တာပဲ။ ခင်ဗျား မဝေဖန်ရင် ကျုပ်က ကျုပ်ကဗျာကို ကျုပ် ဆုတ်ဖြဲပစ်ရုံပဲ ရှိတော့တယ်"

ကဗျာမိတ်ဆွေသည် ဝေဖန်ရေးကို လိုလားရုံမက အတင်းအဓမ္မ ခြိမ်းခြောက်သောအသံများပင် ပါလာလေ သည်။ တိုးတက်မှုကို ဝေဖန်ရေးထဲတွင် ရယူရမည်ဟုလည်း လမ်းသွယ်ပေးလေသည်။

"ကျွန်တော် ခင်ဗျားကို မဝေဖန်ချင်ဘူးဗျာ ... ကျွန် တော့်ကိုယ် ကျွန်တော်ပဲ ဝေဖန်ချင်တယ်။ ကျွန်တော်ဟာ
mgyoe.com

mgyoe.com
ကဗျာတစ်ပုဒ်ကို ဘယ်တုန်းကမှ တစ်ထိုင်တည်း မရေးခဲ့ဘူး။ မဂ္ဂဇင်းတိုက်ကိုရောက်တော့မှ ထိုင်ရေးတဲ့ အကျင့်လည်း မရှိခဲ့ဘူး။ ဒီနည်းဟာ မှန်လည်းမမှန်ဘူး။ သုံးကြောင်း လောက်သာရှိတဲ့ ကဗျာတိုကလေးတစ်ပုဒ်ကိုတောင် ရက်နဲ့ လနဲ့ အချိန်ယူပြီး ရေးလေ့ရှိခဲ့တယ် ...။ လက်တန်းထိုင်ရေး တယ်၊ ရွတ်ဖတ်တယ်ဆိုတာ စက္ကူနဲ့ ပုံနှိပ်တိုက်တွေ မပေါ် သေးတဲ့ခေတ်မှာ နှုတ်ငုံဆောင်တဲ့ အလေ့အကျင့်က စခဲ့တဲ့ ရှေးစာဆိုတွေရဲ့ လုပ်နည်းလုပ်ဟန်မျိုးတွေပဲ။ ပညာစွမ်း ပညာခန်းပြတဲ့သဘောလည်း ပါတယ်။ တရုတ်ပေသီး ဂဏန်းတွက်သလို ကဗျာကို ပေါ့ပေါ့ရေး ပေါ့ပေါ့တွေးရင် ကဗျာအင်္ဂါလက္ခဏာနဲ့လည်း ညီမှာမဟုတ်ဘူး ... အဲဒီ တော့ ခင်ဗျားကဗျာကို ခင်ဗျား ဆုတ်ပစ်မယ့်အစား တစ် ထိုင်တည်း ဘယ်တော့မှ လက်တန်းမရေးပါနဲ့လို့ ပြောပါ ရစေ ..."

သူသည် ပြုံး၍နားထောင်နေရင်းမှ တဖြည်းဖြည်း မျက်နှာပျက်လာကာ ကဗျာစာရွက်ကို အပိုင်းပိုင်း ဆုတ်ဖြဲ ခြေမွ၍ လွှင့်ပစ်လိုက်လေသည်။

"ခင်ဗျားက ကျွန်တော့်ကို မချီးမွမ်းတဲ့အပြင် အပြစ် တောင် တင်လိုက်သေးတယ်။ ခင်ဗျား ကျွန်တော့်လို လက် တန်း တစ်ထိုင်တည်းရေးနိုင်ရဲ့လား။ တော်ပြီဗျာ ... ကျုပ် ကဗျာ မရေးချင်တော့ဘူး"

ထိုအကြိမ်သည် သူနှင့်ကျွန်တော် နောက်ဆုံးတွေ့လိုက် ရချိန်သာ ဖြစ်လေသည်။ သူ့ကဗျာများကိုလည်း နောက်ထပ် ဘယ်မဂ္ဂဇင်းဂျာနယ်တွင်မှ မတွေ့ရတော့ချေ။

သုံးလေးလ ကြာသောအခါ ကဗျာဆရာတစ်ဦးနှင့် တွေ့၍ တစ်ထိုင်တည်း လက်တန်းရေးသော ကဗျာမိတ်ဆွေ အကြောင်းကို ဆွေးနွေးမိကြရာ ထိုကဗျာဆရာသည် ခွက်ထိုး ခွက်လန် ရယ်မောပါလေတော့သည်။

"ဒီဇာတ်လမ်းက ရှိုးနေပြီဗျ။ သူက သူ့ကိုယ်သူ ကဗျာ
mgyoe.com

mgyoe.com

လက်တန်း ဝိဇ္ဇာဆိုပြီး မဂ္ဂဇင်းတိုက်တိုင်း ဒီလိုလိုက်လုပ်နေတာပဲ။ ကဗျာတွေကို အိမ်မှာ အကျအနရေးပြီး အလွတ်ကျက်လာတယ်ဗျ ... မဂ္ဂဇင်းတိုက်တွေ ရောက်တော့မှ စာရွက်အလွတ်တောင်းပြီး တစ်ထိုင်တည်း အလွတ်ရေးတဲ့ဟန်နဲ့ သူရေးပြီး အလွတ်ကျက်ထားတဲ့ ကဗျာကို တစ်ထိုင်တည်း အစအဆုံး ကောက်ရေးတာ။ တချို့တိုက်တွေက အစဦးဆုံးတော့ သူ့ကို တော်တော်ကလေး အထင်ကြီးတယ်။ နောက် ... သူ့အကြောင်းကို တဖြည်းဖြည်း သိလာတော့ အမှိုက်ခြင်းထဲ ထည့်ပစ်တာပဲ။ သူ့ကဗျာကို မထည့်ပေးချင်နေ၊ သူ့လက်တန်း အလွတ်ရေးတာ တော်တယ်လို့ ချီးမွမ်းရင်ကို အရသာတွေ့တဲ့ လူစားဗျ ..."

အခါတိုင်း၌ ရယ်ချင်ရှိသော်လည်း ဤတစ်ကြိမ်တွင်ကား မရယ်နိုင်တော့ပေ။ လက်တန်းကဗျာရေးသော ကဗျာလွတ်မိတ်ဆွေကို ပို၍ပင် သနားသွားမိလေတော့သည်။

အတ္တ၏ တောက်ပြောင်အထင်ကြီးမှု ဟိတ်ဟန်အရသာကို လုပ်ကြံဖန်တီး၍ ကဗျာ၌ ရှာဖွေယူသော မမောပန်းနိုင်သည့် အဓိပ္ပာယ်မဲ့လုပ်ရပ်ကိုသာ အံ့သြမိလေသည်။ ကဗျာသည် အတ္တ၏သားကောင်ဖြစ်ကာ ထိုသားကောင်သည် ကဗျာဆရာ၏ ကာရန်သွေးကြောကို ကိုက်ဖြတ်နေမှန်း သူမသိပါချေတကား။

(၃)

"ကဗျာအယ်ဒီတာ ဘယ်မလဲဗျ ... ကျုပ် ကဗျာပို့ချင်လို့ ..."

ကဗျာပို့ချင်ပါသည်ဆိုသော ပုဂ္ဂိုလ်တစ်ဦး၏ ဩမျှပြင်းထန် တင်းမာသောအသံကို မကြားဖူးသဖြင့် လန့်ဖျပ်၍ပင် သွားမိပေသည်။ ဘိန်းစား အိမ်ဝမှ ရွှေတိုက်စိုး ကြုံးဝါးသံနှင့်တူသဖြင့် စိတ်ကို အသာချုပ်ထိန်းထားလိုက်ရလေသည်။

mgyoe.com

mgyoe.com


"ကဗျာပို့ချင်ရင် ဒီဘက်ကို ကြွပါဗျာ ... ဒီမှာ ပို့တဲ့ ကဗျာတွေကို လက်ခံပါတယ် ..."

သူသည် အသက်လေးဆယ်ကျော်ပြီဖြစ်ကြောင်း၊ ရော်ရင့်စပြုသည့် သူ့ရုပ်ရည်ကပင် သက်သေခံလျက်ရှိလေသည်။ ရှပ်ဖြူလက်တိုအင်္ကျီကို ဝတ်ဆင်၍ တစ်ပတ်နွမ်း ရွှေတောင်ပုဆိုးအစင်းကို ခါးပုံစပျောက်အောင် ဝတ်ဆင်ထားပုံမှာ ဘုန်းကြီးလူထွက်ဂိုက်ပေါက်နေလေသည်။

"ခေတ်ကဗျာတွေတော့ ကျုပ်က သိပ် စိတ်မဝင်စားဘူး ... ရှေးကဗျာတွေတော့ နည်းမျိုးစုံ ရေးတတ်တယ်။ အိုင်ချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ ဘောလယ်အထိ ရေးတတ်တယ်။ အခုခေတ် ကဗျာရေးတဲ့လူတွေက ဒါတွေကို ဘာမှန်းမှမသိကြဘူး။ တေးထပ်ဆိုလည်း ကျုပ်တို့က အပုဒ်တစ်ရာလောက် အလွတ်ရတာ။ ဘီလူးရယ်နဲ့ ခြသေ့်လည် ပြန်လောက်မှ ဘာမှန်းညာမှန်း မသိတဲ့ လူတွေကို ကဗျာဆရာလို့ အသိအမှတ်ပြုနေတဲ့ ခေတ်မှာ ကျုပ်တို့က အသာငြိမ်ကြည့်နေတာ။ ဖတ်ကြည့်ဗျာ ... ဖတ်ကြည့်ရင် ကျုပ်ကဗျာအဆင့်အတန်းကို နားလည်သွားမှာပါ"

သူသည် ပြောပြောဆိုဆိုနှင့် စာရင်းကိုင်လယ်ဂျာ စာအုပ်ထူကြီးထဲတွင် ဝိုင်းစက်လှပသော လက်ရေးကျဲကျဲကြီးများဖြင့် ကူးထားသော ကဗျာစာအုပ်ကြီးကို ချခင်းတင်ပြလာလေသည်။

သူပြောနေသည့် စကားလုံးများသည် တစ်ချက်တစ်ချက်တွင် ပါဠိသံ နှောလာပြီး ရှေးခေတ်ကဗျာများကို အပိုဒ်လိုက် နှုတ်ငုံရွတ်ပြသည့်အခါလည်း ပြသည်။ နဝဒေး၊ နတ်ရှင်နောင်၊ ဦးပုည၊ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်မဟာရဋ္ဌသာရ အစရှိသော အင်းဝစာဆိုတော်များ၏ ဂုဏ်ရည်၊ ကဗျာဉာဏ်တို့ကို ပူဇော်ဦးထိပ်ထားပုံများလည်း ပါဝင်လေသည်။

mgyoe.com

mgyoe.com

မျက်လုံးမှိတ်ထားပြီး နားထောင်ရုံဖြင့် ဘုန်းကြီး လူထွက်တစ်ဦးမှန်း သိသာရုံသာမက ဝိုင်းစက်လှပသော လက်ရေးများကလည်း ဘဂဝါကျောင်းထွက်မှန်း သိသာလွန်းလေသည်။

"ကဗျာရေးတယ်ဆိုတာ သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်းတွေ နိုင်မှ ကဗျာရေးဖို့ကောင်းတယ်။ ခုခေတ် ကဗျာတွေက ရေလိုက်လွဲနေတယ်။ လေးလုံးစပ်ကလွဲရင် ကဗျာမရေးတတ်ကြတော့ဘူး။ ကဗျာအစ သံပေါက်ကလို့ ဆိုပေမဲ့ ကဗျာသာ ရေးကြတယ်၊ သံပေါက်ကျတော့ ဟုတ်တိပတ်တိ မရေးတတ်ကြဘူး ..."

စတင်မေးမြန်းခြင်းမပြုပါဘဲလျက် နားစရာနေရာ ရှာမတွေ့သော နကျယ်ကောင်ကဲ့သို့ သူသည် ကဗျာတရားဟော၍ မမောနိုင်အောင် ရှိလာသဖြင့် စာရေးသူ့စိတ်ထဲတွင် အချဥ်ပေါက်စပြုလာလေသည်။ နောက်ဆုံးတွင် မနေသာတော့ဘဲ သူ့အရည်အသွေးများကို ပိုမိုသိရှိနိုင်ရန် မေးခွန်းကလေးများဖြင့် စမ်းထောက်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

"နောင်ကြီးက ဘယ်မဂ္ဂဇင်းတွေမှာ ကဗျာရေးပါသလဲ ..."

"ဘယ်မဂ္ဂဇင်းမှာမှ ကဗျာမရေးပါဘူး ..."

စောစောက တဝီဝီမြည်နေသော နကျယ်ကောင်၏ အသံသည် မာကျောပြတ်တောင်းစ ပြုလာလေသည်။

ထိုအခါတွင်မှ သူပေးထားသော ကဗျာစာအုပ်ထူကြီးကို တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်ရာ ယနေ့ခေတ်တွင် မသုံးတော့သော ရှစ်ဆယ်ပေါ် တေးထပ်၊ တျာချင်း၊ အိုင်ချင်း၊ ရကန်၊ ဘောလယ်၊ လေးချိုးရှည်ကြီးများကို ဖတ်ရှုရပြီး ကလောင်နာမည်လည်း ရေးသားမထားခြင်းကို တွေ့ရလေသည်။

"ကလောင်အမည်ကကော ဘယ်လိုခေါ်ပါသလဲ ..."

mgyoe.com

mgyoe.com

ထိုသို့ မေးလိုက်သောအခါ ကဗျာ့ဝိဒူကြီးသည် မျောက်အုန်းသီးပျောက်သော မျက်နှာဖြင့် မျက်မှောင်ကြီး ကုတ်သွားလေသည်။

"ကျုပ်ကလောင်အမည်ကို ကျုပ် ဘယ်သူ့မှ အသိမပေးသေးဘူး။ ကျုပ်တစ်ယောက်တည်းပဲ ကျုပ်ကလောင်အမည်ကို သိတယ်။ ဘာကြောင့် ဒီလိုကလောင်မည်ကို ဝှက်ထားရသလဲဆိုတော့ ခုခေတ် ကဗျာရေးနေတဲ့ လူတွေဟာ ကျုပ်နဲ့ တန်းကို မဆိုင်လို့ဘဲ ..."

စားပွဲပေါ်တွင် တင်ထားသော ဘလောက်တုံးနှင့် နှာရိုးကို တစ်ချက်တည်း ဖြတ်၍သာ ရိုက်ပစ်ချင်အောင် အဖြေပေးလိုက်သော သူ့ပြန်ကြားချက်ကို စိတ်ရှည်ရှည်ထား၍သာ နားထောင်နေရလေသည်။

အတ္တသားကောင်မှန်း သိသော်လည်း သူ့အတွင်းသဘောကို သိချင်စိတ်နှင့် အရွဲ့တိုက်ချင်စိတ်တို့က ပူးပေါင်းလှုံ့ဆော်လာသဖြင့် ပြုံး၍သာ နားထောင်နေမိလေသည်။

"နောင်ကြီးက ဘယ်ကဗျာမျိုးတွေ လေ့လာပါသလဲ ..."

"မြန်မာစာညွှန့်ပေါင်းကျမ်းကို ကျုပ်က အလွတ်လောက် ရတယ်။ ကဗျာကျမ်းတွေလည်း ကုန်သလောက် ဖတ်ဖူးတယ်။ ကျုပ်မဖတ်ဖူးတဲ့ ကဗျာကျမ်းကတော့ ခပ်ရှားရှားပဲ။ အဲဒါကြောင့် ခုခေတ်ကဗျာတွေနဲ့ ကန့်လန့်ဖြစ်နေတာပေါ့ ..."

မြန်မာစာညွှန့်ပေါင်းကျမ်းပင် ဆလံတိုက်ရ၍ ကဗျာကျမ်းကုန်သော ဤကဗျာ့ဝိဒူကို စကားဆက်၍မပြောဝံ့အောင်ပင် ရှိတော့လေသည်။

"ခေတ်ကဗျာတွေထဲကကော ဘယ်သူ့ကဗျာတွေ ဖတ်ဖူးပါသလဲ..."

"ဆရာလှသမိန်၊ ရသေ့ဦးစိန္တာ၊ တက္ကသိုလ်စန်း ... တချို့နာမည်တွေတော့ မမှတ်မိတော့ဘူး"

mgyoe.com

mgyoe.com

ရှမ်းပဲပုပ်ကို မီးကင်ထားသော မျက်နှာမျိုးဖြင့် ခပ်တင်းတင်း အဖြေပေးလိုက်ပုံကို တော်တော်သဘောကျသွားမိလေသည်။

"ဆရာမင်းသုဝဏ်ကဗျာတွေကော မဖတ်ဖူးဘူးလား ..."

"သိပ်မရင့်ကျက်ပါဘူး ... ကလေးတွေဖတ်စာမျိုးနဲ့ တူနေတယ်။ ဝေါဟာရလည်း သိပ်မကြွယ်ဘူး ..."

မြတ်စွာဘုရား မတမိရန် တော်တော်ပင် သတိထားလိုက်ရလေသည်။ သူ့မျက်နှာကမူ ရှင်ဥတ္တမကျော်သေ၍ ဝင်စားသော မျက်နှာမျိုးဖြင့် ပြောင်တင်းတင်းပင် ရှိလေသည်။

"ငွေတာရီကဗျာတွေကိုကော မဖတ်ဖူးဘူးလား"

"ဖတ်ဖူးသားပဲ ... သိပ်မကြိုက်ပါဘူး။ အရေးအသားရိုးတယ်၊ သိပ်ပြီး မပီပြင်လှဘူး။ ကဗျာဖြစ်ရုံပဲ ရှိတယ်"

ခက်ချေပြီ။ ကဗျာ့ဝိဒူ ဤလိုလူကို ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းတွင် အဘယ်ကဲ့သို့များ လာရောက်တွေ့ဆုံနေရပါလိမ့်ဟု မတွေးတတ်နိုင်အောင် ဖြစ်ရလေသည်။ ဤမျှဆိုလျှင်ပင် သူသည် ကဗျာလောကနှင့် မည်မျှနီးစပ်သည်ကို ခန့်မှန်းနိုင်လောက်ပေပြီ။

မထူးတော့ပြီ၊ ပျားဖွပ်မိမှတော့ ပျားအုံကို တစ်အုံလုံးကျွတ်အောင် မီးတုတ်နှင့်မြှိုက်ရပေတော့မည်။

"ဇန်းမော်ညိုနွဲ့ ကဗျာတွေကော ... ဖတ်ဖူးတယ် မဟုတ်လား"

"ဆိုးတော့ မဆိုးလှပါဘူး။ ဒါပေမဲ့ သိပ်မကြိုက်လှဘူးဗျာ။ တောဘွဲ့ တောင်ဘွဲ့လောက်ပဲ ကောင်းတယ်။ သံဝေဂကြောင်း၊ ဓမ္မကြောင်း သိပ် မပါလှဘူး ... ဖတ်ရတာပေါ့လျှုံလျှုံပဲ"

ဇန်းမော်ညိုနွဲ့ကဲ့သို့ တည်တည်ငြိမ်ငြိမ်ရေးသူကိုပင် ဖတ်ရတာ ပေါ့လျှုံလျှုံပဲ ဆိုလာသဖြင့် ရင်ထဲတွင် ခူနာပေါက်

mgyoe.com

mgyoe.com

သလို ယားကျိကျိဖြစ်လာမိလေသည်။

"ကြည်အေးကဗျာတွေကောဗျာ"

"ကြည်အေးဆိုတာ မိန်းကလေးလို့ ပြောသံကြား တယ်ဗျ။ အဲဒီမိန်းမကလည်း ဘာတွေလျှောက်ရေးမှန်း မသိ ပါဘူး။ ကဗျာမှမဟုတ်ဘဲ၊ စိတ်ထဲ တွေ့တာတွေ တောရမ်း မယ်ဘွဲ့ လျှောက်ခြစ်ထားတာ။ ကြည်အေးကဗျာကို ကျုပ် ဘယ်တော့မှ ဆုံးအောင်မဖတ်ဘူး ..."

ထိုစဉ်က ကြည်အေးကဗျာများ ခေတ်စားနေချိန်ဖြစ် လေသည်။ "အိပ်လို့မရ၊ ညကြီးမင်းကြီး၊ ထပြီးထိုင်နေ၊ မွေ့ရာတွေလည်း၊ ကြေမွတွန့်လိပ်၊ သိပ်စိတ်ညစ်တယ် ..." ဆိုသော ဟန်များဖြင့် စိတ္တဇဗေဒဆန်စွာ ကာရန်ကို ဦးစား မပေးဘဲ အတွေးကို ဦးစားပေး၍ ခံစားချက်ဖြင့် သရုပ်ဖော် သော ကဗျာသစ်မျိုးကို ဤကဗျာ့ဝိဒူ မကြိုက်နိုင်ခြင်းမှာ ဆိတ်ထောပတ် မကြိုက်ခြင်းမျိုးသာ ဖြစ်လေသည်။

အခြားသူများအလှည့်ပြီး၍ ကိုယ့်အလှည့်သာ ကျန် တော့သဖြင့် နောက်ဆုံး ပြက်လုံးတစ်ခု လွတ်မသွားရန် သူ့ ကို မေးခွန်းထုတ်ရပြန်လေသည်။

"ဒေါင်းနွယ်ဆွေကဗျာတွေကော မဖတ်ဖူးဘူးလားဗျ"

သူ့မျက်နှာသည် အောက်သိုးသိုး မှုန်တေတေဖြစ်သွား ပြီး မညီညာသော လမျက်နှာပြင်၏ ချိုင့်ခွမ်းများကဲ့သို့ ရှုံ့မဲ့ သွားလေသည်။

"အဲဒီကောင့်ကဗျာတွေက အဆိုးဆုံးပဲ။ တစ်ပုဒ်မှ ဖတ်လို့မရဘူး။ သွေးအိုင်တွေ၊ ပြာပုံတွေ၊ သေနတ်သံတွေ၊ အရိုးခေါင်းတွေ ထပ်နေပြီး ကာရန်တွေ ချိတ်ပုံ ဆက်ပုံလည်း မမှန်ဘူး။ မျောက်သစ်ကိုင်းကူးတဲ့အတိုင်းပဲ။ သုံးလေးခါ ဖတ်လို့လည်း အဓိပ္ပာယ်မပေါ်ဘူး။ ကဗျာလောကကို သက် သက် စော်ကားပြီး ဖျက်ဆီးနေတာ။ ဒီကောင်နဲ့သာ မျက်နှာ ချင်းဆိုင်တွေ့ရရင် ကျုပ်က အဆီတစ်ထပ် အသားတစ်ထပ် ဖြစ်အောင် ဝေဖန်ပစ်ချင်တယ်"

mgyoe.com

mgyoe.com

စာရေးသူသည် မအောင့်နိုင်တော့သဖြင့် သူ့မျက်နှာကို စေ့စေ့ကြည့်၍ အသံထွက်အောင် ရယ်မောလိုက်မိပါလေတော့သည်။

"မိတ်ဆွေက ဘာရယ်တာလဲဗျ"

ရော ... ခက်ပြန်ပါချေပြီတကား။ သူမသိ ကိုယ်ခက်ဖြင့် ဤကဗျာ ဝိဒူသည် စာရေးသူကိုပင် မည်သူမည်ဝါမှန်း နည်းနည်းကလေးမျှ သိပုံမပေါ်ဘဲ ဘီလူးကျိန်းကျိန်းလျက် ဘာကြောင့်ရယ်ကြောင်း မေးခွန်းထပ်ဆင့် ထုတ်လာပြန် လေသည်။ စာရေးသူသည် အူမတက်ခင် အရှိန်တုံ့၍ မျက်နှာပိုး သတ်လိုက်ရလေသည်။

"မဟုတ်ပါဘူးဗျ ... ကျွန်တော်ကလည်း ဒီကောင့် ကဗျာတွေကို ခင်ဗျားလိုပဲ ဖတ်လို့မရတဲ့လူပါ။ ကျွန်တော်က ကဗျာမရေးပေမဲ့ ဝါသနာတော့ ပါတယ်"

ထိုအခါတွင်မှ ဘဝင်ကျပုံရသွားပြီး ဝေဖန်ရေး လေမုန်တိုင်း ဆင်ပြန်ပါလေတော့သည်။

"ဒီကောင်ဟာ ဗမာစာတတ်ပုံမရဘူး။ အလင်္ကာတွေကိုလည်း ပြောင်းပြန်သုံးထားတယ်။ အိပ်မက်ရဲတိုက်တဲ့ ... နှင်းဆီမုန်တိုင်း ထတယ်တဲ့၊ ဒီအသုံးအနှုန်းတွေကို ကျုပ်တို့လက်မခံနိုင်ဘူး။ ကြာရင် ဗမာစာပေ ပျက် စီးမှာပဲ။ ပြီးတော့ သူက မရှိတဲ့ကဗျာနည်းတွေကို ထွင်လိုက်သေးတယ်။ ကဗျာ ဂိုဏ်းသင့်ရင်တော့ သက်သာမှာမဟုတ်ဘူး။ ကျုပ်က ပထမ ကျော်ပဲ၊ ဂိုဏ်းအကြောင်း ကောင်းကောင်းသိတာပေါ့။ ကဗျာ အဖြစ်နဲ့ ဖတ်လို့ကို မရဘူး"

သူသည် ဆက်လက်၍ နာရီဝက်နီးပါးခန့် ကဗျာ ဂိုဏ်းသင့်လျှင် မည်ကဲ့သို့ဖြစ်နိုင်ပုံ၊ မြန်မာကဗျာနှင့်ဆိုင်ရာ ဝေါဟာရ ဒီပနီ လေပွေမွှေ့နေရာ နားထောင်ရင်းက ငိုက် မျဉ်းစ ပြုလာလေတော့သည်။ ထိုအချိန်၌ သူသည် ကဗျာ ဆရာတစ်ဦးနှင့်မတူဘဲ တရားဟောဆရာနှင့် တူနေလေသည်။ ပေ၍ နားထောင်နေရသော်လည်း အိပ်ချင်စိတ်သာ

mgyoe.com

mgyoe.com

လွှမ်းမိုးလာပြီး မျက်တောင် စင်းလာလုတော့မှပင် ပြန်ရန် နှုတ်ဆက်လေတော့သည်။

"ကဲ ... ပြန်လိုက်ဦးမယ်ဗျာ၊ နောက် တွေ့ကြသေးတာပေါ့။ ဒီက မိတ်ဆွေရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ"

ကဗျာလေပွေမွှေ၍ အားရခါမှပင် ကဗျာ့ဝိဒူ ဘုန်းကြီးလူထွက်သည် နာမည်မေးဖော် စမ်းဖော်ရလာလေသည်။ စာရေးသူလည်း ခပ်ချဉ်ချဉ်ရှိသည်နှင့် တိုက်မှ စာစီသမားကလေးတစ်ဦး၏ နာမည်ကို ပါးစပ်ထဲတွင် တွေ့သည့်အတိုင်း ပြောချလိုက်မိလေသည်။

"ကျွန်တော့်နာမည် ကြည်သိန်းပါ"

"အေးဗျာ ... ကိုကြည်သိန်း၊ ပြန်ပါဦးမယ် ... စကားပြောရတာ ကောင်းသဗျာ။ ကျွန်တော့်ကဗျာတွေလည်း အယ်ဒီတာအဖွဲ့ တင်ပြပေးပါ။ ကြိုက်တော့လည်း သုံးတာပေါ့"

သူ့ကဗျာများ ရေးထားသော စာအုပ်ကြီးမှာ လေးနှစ်ကျော် ငါးနှစ်သာ ကြာခဲ့သည်။ တစ်ခါမျှ လာရောက်ယူခြင်းလည်း မရှိခဲ့ပေ။ နောက်ထပ်လည်း ထိုကဗျာများကို ဖုန်အလိမ်းလိမ်းတက်သည်အထိ ကိုင်တွယ်၍ပင် မကြည့်မိတော့ချေ။ ထိုကဗျာ့ဝိဒူနှင့်လည်း နောက်ထပ်မတွေ့တော့ချေ။

အလုပ်အားလပ်ရက်ရ၍ ဇာတိမြေ ပုသိမ်သို့ အလည်အပတ်သွားရင်း သာရဝေါမှ ဟင်္သာတသို့ကူး၍ ရထားစီးခဲ့ရာ ရေကြည်ဘူတာတွင် သွားကိုက်ပျောက်ဆေး ကြော်ငြာနေသည့် အာဝဇ္ဇန်းကောင်းသော လူတစ်ဦးနှင့် ပက်ပင်းပါသွားတိုးလေတော့သည်။ အရှိန်ပြင်းစွာ မောင်းနှင်နေသော ရထားသံတို့ကို လွှမ်းမိုးကာ နဘေတွေ တသီကြီးထပ်၍ ဒွေးချိုး သဖြန် တေးထပ်တို့ကို ရွတ်ဆိုကာ သွားကိုက်ပျောက်ဆေး ကြော်ငြာနေပုံမှာ စိတ်ဝင်စားဖွယ်ကား ကောင်းလှပေသည်။

mgyoe.com

mgyoe.com

သေသေချာချာ အာရုံစိုက်၍ကြည့်မိသောအခါတွင်မှ အာ၀ဇ္ဇန်းရွှင်ရွှင်၊ အာပေါင်အာရင်းသန်သန် သွားကိုက်ပျောက်ဆေး ကြော်ငြာနေသူကား ငါးနှစ်ကျော်ကာလက ကဗျာလေပွေမွှေ့သွားသော ဘုန်းကြီးလူထွက် ကဗျာ့ဝိဒူကြီး ဖြစ်နေသည်ကို တအံ့တသြ အမှတ်မထင် တွေ့လိုက်ရလေသည်။ သူကမူ စာရေးသူကို မှတ်မိပုံမရတော့ချေ။

"သွားကိုက်ပျောက်ဆေး တစ်ထုပ် ဘယ်လောက်လဲ ဗျ..."

မိးရထားစီးသည့် ခရီးသည်တစ်ဦးက လှမ်း၍မေးသံ သဲ့သဲ့ကို ကြားလိုက်ရလေသည်။

"တစ်ကျပ်တည်းပါဗျာ၊ ပါးစပ်ထဲက အနာအတွက် ... အဆာသိပ်မချဲ့ပါဘူး၊ တစ်ခါထည့် တစ်ခါသောက် ... ပိုးပေါက်ဆိုရင် ပဲခူးရောက်ရောက်၊ မျိုးပျောက်တဲ့ ဆေးမဟာ ဗျ... တစ်ကျပ်... တစ်ကျပ်... တစ်ထုပ် တစ်ကျပ်"

စာရေးသူသည် ဤတစ်ကြိမ်တွင်မူ မရယ်နိုင်တော့ပေ၊ ကျိတ်၍သာ ပြုံးရလေတော့သည်။ ကဗျာ့ဝိဒူသည် ယခုမှ သူ့ဘ၀ အံ၀င်ခွင်ကျ ဖြစ်နေပြီမဟုတ်လား။

(၄)

အထက်ဖော်ပြပါ အတွေ့အကြုံများမှာ ကိုယ်တွေ့တကယ့်ဖြစ်ရပ်များသာ ဖြစ်ပါလေသည်။ ဤဖြစ်ရပ်များကို တင်ပြရာတွင်လည်း ရည်ရွယ်ချက်များ ရှိပါသည်။

(၁) ကဗျာသည် အပေါစားမဟုတ်၊ ခက်ခဲနက်နဲသော သီကုံးမှုမျိုးဖြစ်သည်။ ကဗျာသည် တွေးရာ၌ လွယ်သော်လည်း ရေးသားသီကုံးသောအခါ ခက်ခဲ၏။ ကဗျာသည် အတင်းအဓမ္မ လုပ်ကြံဖန်ဆင်းယူ၍ မရ။ တစ်နေ့တည်း ကဗျာ ၆ ပုဒ်ပြီးသည်ဆိုလျှင် ထိုကဗျာများသည် သစ်ရွက်ခြောက်သာသာ၊ စက္ကူစုတ်သာသာပင် ဖြစ်ပေလိမ့်မည်။

mgyoe.com

mgyoe.com

(၂) ကဗျာသည် တစ်ထိုင်တည်း လက်တန်းရေး၍ ကဗျာကောင်းမဖြစ်နိုင်၊ သမားဂုဏ်ပြ ကြွားဝါ ဟိတ်ဟန်ထုတ်ခြင်းသာ ဖြစ်ပေလိမ့်မယ်။

(၃) ကဗျာသည် ခေတ်နှင့်လျော်ညီသော အဝေဖန်အဆုံးဖြတ်ကိုသာ ခံယူ၍ ခေတ်နောက်သို့မပြန်၊ ခေတ်ရှေ့သို့သာ ဆန်တက်ပြီး ဆန်းသစ် တီထွင်ခြင်းသဘောတို့ကို အသစ်အသစ် ပွားများတည်ဆောက်ခြင်း ဖြစ်သည်။

မိုးသောက်လင်္ကာပန်း ကဗျာများသည် ဤအယူအဆများပေါ်တွင် အခြေခံ၍ စာရေးသူ၏ ကဗျာသက်တမ်းအတွင်း အနေ့နေ့အလလ အချိန်ယူ၍ ရေးသားသီကုံးခဲ့သော ကဗျာစုတို့သာ ဖြစ်သည်။

ဆရာပေါ်သစ် နိဒါန်းအမှာစာတွင် ကောက်ချက်ချထားသကဲ့သို့ နှလုံးသား၏ ထောင့်ချိုးတစ်ဆစ်ကို ကဗျာဖတ်သူတို့ လေ့လာစိစစ်ဖတ်ရှုနိုင်ကြပြီဆိုလျှင်ပင် ကျေနပ်နှစ်သိမ့်ရပေတော့မည် ဖြစ်လေသည်။ ။

ဒေါင်းနွယ်ဆွေ
၁၉၆၆၊ မတ်လ (၁၉)ရက်

mgyoe.com

mgyoe.com

လက်ရေးမူများ

# မြတ်ကန်းကျိုက်ဘ

ကျီးကန်းမှင်ခြောက်

သစ္စာဖေါက်ခန်း

ဇာတ်အဆန်းကို


မြတ်ကန်းကျိုက်ဆဲ

သူ့အသံတွင်

ငါ့မြင်းဂုယ်သံ


ပဲ့တင်လျှံသည်

မိုးယံကြယ်များလကြွေယောင်တကား။




mgyoe.com

mgyoe.com



၃၊ ၃၊ ၈၅ နေ့တွင် ဆရာမင်းသုဝဏ်ထံ ပြန်စာရေးမည်ဟုဆိုကာ ... စာတစ်ကြောင်းမျှသာ ရေးနိုင်ခဲ့သော ဆရာဒေါင်းနွယ်ဆွေ၏ ပြန်စာ လက်ရေးမူ။



ဆေးရုံသို့ တက်ခဲ့ပြီး ဆေးရုံမှ ရေးပို့ခဲ့သော နေ့စွဲမပါသည့်စာ။
[ဖေဖော်ဝါရီလဆန်း၌ ဖြစ်သည်။]

ရွှေမဝရုပ်စုံမဂ္ဂဇင်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com





ကဗျာသရာဘဝ

## ကဗျာဆရာ

Burst into the narrow stall,
Swing the pictures on the wall;
Run the rattling pages o'er,
Scatter poems on the floor;
Turn the poet out of door.

***Robert forsts.***

ပေါက်ကွဲဒေါသ ...
ကျဉ်းစွအခန်း၊ ဝင်လာလှမ်းမိ
နံရံရှိကား၊ ဓာတ်ပုံများလည်း
လှုပ်ရှားသည်မှာ၊ ယိမ်းယိမ်းခါ၍
စာအုပ်ကြိမ်ဖန်၊ ပြန်ပြန်လှန်တည့်
လွင့်ကျန်ကဗျာ၊ ကြမ်းပြင်မှာလဲ
ပြန့်ပြန့်ကြဲလျက်၊ တံခါးရွက်များ
တွန်းထွက်သွားသည် ...၊
သူကား ကဗျာဆရာ ဖြစ်လေသတည်း။ ။

ဒေါင်းနွယ်ဆွေ
မြန်မာပြန်

ဖူးတင့်ကဗျာမဂ္ဂဇင်း၊
အတွဲ ၁၊ အမှတ် ၁၊ (ဩဂုတ်၊ ၁၉၆၀)

mgyoe.com

mgyoe.com

## သေမင်းလက်နှင့် ရေးသောကဗျာ

သုခမိန်တွက်
လက်နက်ကိုင်ဆောင်၊ ဉာဏ်ကလောင်ဖြင့်
တိမ်တောင်ပမာ၊ ငါ့လက်ာကို
ပန်းကြာကန်တော့ဆင်မိတကား။

သေမင်းအတွက်
အရိုးလက်များ၊ အငေါင်းသားနှင့်
ချောက်ချားစိတ်မှာ၊ ရေးမိပါသော်
လက်ာမှေးမှိန်၊ သုခမိန်လျှင်
သေချိန်တန်မှ၊ သံဝေရသည်
လောကငိုသံမစဲတည်း။ ။

*'လောကမျက်ကန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# နှိုးလျက်နှင့် အိပ်မောကျ၍နေသူ

ချစ်သူ့အိပ်မက်
အဆိပ်ခွက်သည်၊ နေထွက်သောခါ
နံ့သာ့ရေမွှေး၊ ဖြစ်နိုင်သေးလည်း
ငါ့တေးလင်္ကာ၊ ကဗျာစောင်းကြိုး
နှိုးတိုင်းမရ၊ အိပ်မောကျ၍
လောကကျိန်စာဖြစ်ခဲ့၏။

ကျိန်စာပြယ်အောင်
ဟန်ဆောင်စိုးမိုး၊ ဒေါသငြိုးဖြင့်
တန်ခိုးအာဏာ၊ ဘယ်အရာမျှ
ချိုမြသံသာ၊ ငါ့လင်္ကာကို
မေတ္တာဝိညာဉ်မသွင်းနိုင်။

ငါ့လက်ချောင်းအား
နီမောင်းသောသွေး၊ ပူနွေးသောအသည်း
စမ်းရေထဲမှာ၊ ဆေးကြောပါလည်း
လွှန့်လှာမလှုပ်၊ ဓာတ်ကြောင်းမြုပ်၍
ကျောက်ရုပ်အသွင်၊ ငြိမ်သက်ချင်၏။

mgyoe.com

mgyoe.com
အပေါ်ယံမှ
ဘဝဇာတ်စင်၊ အလှပြင်လည်း
အမြင်မှောက်မှား၊ ချောက်ကမ်းပါးဝယ်
တရားနက်နဲ၊ အသိလွဲကြ
လောကငိုသံ၊ ဆူဆူညံကို
ရယ်သံအဖြစ်၊ ဖွတ်နှစ်ပြောင်းလွဲ
ဇာတ်ခေါင်းကွဲလျက် ...
ငရဲကိုပင်၊ နိဗ္ဗာန်ထင်သော်
ငါလျှင်မထ၊ အိပ်မောကျ၍
ဒေါသကျိန်စာ၊ ငါ့ကဗျာကို
ရင်မှာသိုသိပ် အိပ်စေတကား။ ။

ရွှေမဝရုပ်စုံမဂ္ဂဇင်း၊ နိုဝင်ဘာ ၁၉၆၃
mgyoe.com

mgyoe.com


## အမည်မဲ့ကဗျာများ

ကလောင်လည်းအို
လူလည်းအိုပြီ
သူ့ကိုခွင့်လွှတ်ပါလေ။

အဘိုးကြီးအို ခါးကောက်ကောက်
တောင်ဝှေးတထောက်ထောက်။

ကဗျာကိုသစ္စာဖောက်
နိဗ္ဗာန်သူမရောက်။

အဘိုးကြီးအို ပြုံးတုံးတုံး
နည်းပရိယာယ်သုံး။

မနိုင်လိုတဲ့ ပုလဲကုံး
မပြိုင်ဘဲနှင့် ရှုံး။ ။

mgyoe.com

# ဘဝမရှိ ကဗျာမသိ

နေ့သီချင်းဆို၊ ညမှာငို၍
သွေးကိုမင်အိုး၊ အရိုးကလောင်
တိမ်တောင်စာရွက်၊ ညငှက်ကာရန်
စောင်းသံအတွေး၊ ပင့်ကူမြွေးသို့
လက်ရေးမုန်တိုင်း၊ ကဗျာရိုင်းကို
ဖတ်ခိုင်းသောခါ၊ လှကလျှာသည်
လိပ်ပြာလန့်၍အော်လေသတည်း။

အို ... ရှင်
ရွှေရင်ထိတ်ပျာ၊ ကြောက်စရာနှယ်
အဘယ်မှာလဲ၊ အသည်းလက်ာ
လိပ်ပြာပန်းကြယ်၊ ဝိညာဉ်တွယ်ရာ
မဟုတ်ပါလော၊ ကဗျာမည်သည်
မျက်ရည်တစ်စက်၊ စာတစ်ရွက်မို့
ခဲခက်တင်စား၊ အယူမှားသည့်
ချောက်ချားစရာ၊ သင့်ကဗျာကို
ငါမဖတ်ဘူး အိုအရူး။

ကဗျာဆရာ၊ ထိုအခါမှ
စုပ်တသနင့်၊ ဘဝမရှိ
အဘိဓမ္မာ၊ ယွင်းပျက်ရှာသော
လက်ာတင်စား၊ သူ့အနားမှ
စကားမဆို၊ မျက်နှာအိုဖြင့်
ရှေ့ကိုလှမ်းလျက်၊ လမ်းခွဲထွက်၍
ခွက်ထိုးခွက်လန်၊ အူပြောင်းဆန်အောင်
ရယ်သံမုန်တိုင်း တိုက်လေသတည်း။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

## မရှိသောမိတ်ဆွေသို့ ဖိတ်ခေါ်ခြင်း

ညဆိုမှောင်လျှင် ...
အသင်လာရောက်၊ တံခါးခေါက်၍
ကြောက်မက်ဖွယ်ရာ၊ ရယ်တတ်ပါလည်း
ငါ့မှာကျောက်ရုပ်၊ မတုန်လှုပ်လျှင်
နစ်မြုပ်လက်ာ၊ ငါ့ကဗျာကို
တွေးကာ တွေးကာ ... ရေးမြဲတည်း။

သင့်ခြေသံကား၊ ဝေးသွားတစ်ဖန်
နီးလာပြန်လျက်၊ ညဥ့်ငှက်ကျူကျူ
ခွေးအူအူနှင့်၊ လူသူတိတ်ဆိတ်
နှင်းပိတ်မြူမှိုင်း၊ မှောင်တံတိုင်းများ
သစ်ကိုင်းကြားမှ၊ ငါ့အားချောင်းကြည့်
လာလှည့်မိတ်ဆွေ၊ ငါခေါ်ချေလည်း
တွေဝေကြောက်ရွံ့၊ မလာဝံ့သည်
စောင့်ငံ့ရက်ပေါင်း များစွာတည်း။

mgyoe.com

mgyoe.com


လာလော့ ... လာလော့၊ အသော့ငါ့ထံ
ဆည့်ခံမည်သာ၊ ငါ့ကဗျာနှင့်။

အို ... တံခါးကိုဖွင့်၊ နားစွင့်စောင့်ပါ
မလာပြီလော ... ကြောက်သလောထင့်။
ဤလူ့ပြည်တွင်၊ အသင်တကယ်
ရှိမယ်မထင်၊ ငါဆင်ခြင်မိ
ငါ့တွင်စွမ်းအား၊ လက်ာများနှင့်
သင့်အားချိန်းဆိုပါသတည်း။

အို ... ရှင်သေမင်း၊ အရှက်ကင်းစွာ
သင်မလာလည်း၊ ငါလာခဲ့မည်
ငါသည်သေမင်း သင်၏သေမင်းတည်း။ ။

*'မိုးသောက်လင်္ကာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# လက်ဘက်သစ်ရွာ မောခဲ့ပါသော်

ဤမြေလွှာဝယ်
လက်ဘက်သစ်ရွာ၊ မောခဲ့ပါတည့်
တိမ်ပြာကောင်းကင်၊ လေပြင်းဆင်၍
ရွှေစင်မြသား၊ နုဖဝါးက
သွေးများယိုကျ၊ နာကျင်စွလည်း
ဘဝအကြောင်း၊ ရေးကောင်းရာရာ
ကာရန်ရှာမိ၊ လက်ဘက်ပဟူသည်
မျက်ရည်မိတ်ဆွေ၊ သက်သေမြေကြီး
ရင်းနှီးလိပ်ပြာ၊ ညဥ့်ကမ္ဘာတွင်
ဖွေရှာသူနှင့်၊ ဝေးကြလင့်လည်း
အရှင့်အတွက်၊ စာတစ်ရွက်ဖြင့်
ပန်းခက်လက်ဘ၊ သီကုံးရာကို
ပန်ပါဆင်သ၊ နောက်ဆုံးမျှလျှင်
ခြေမွလွှင့်ပစ် ... နိုင်သေးသတည်း။ ။

*'မိုးသောက်လက်ဘက်ပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

## လက်ာဆရာ၏ အိပ်ခြင်းရှည်

ညပေါင်းများစွာ
ရေးစပ်ပါလည်း
ကဗျာမြောက်သည်မထင်ကြ။

နေ့ပေါင်းများစွာ
သီကုံးပါလည်း
လင်္ကာမြောက်သည်မထင်ကြ။

နေ့နှင်ညကူး
ကြယ်မှုးမှုးတွင်၊ လမမြင်ရ
ညပင်ငှါတွက်၊ နေ့ဖြစ်လျက်နေ
လေနှင့်ယှဉ်ကာ၊ ငှါလိပ်ပြာကို
ခြေရာအပျောက်၊ ခရီးနှောက်ခဲ့
မိုးသောက်နေဝင်၊ မမှန်ချင်ပြီ ...၊
ချည်မျှင်ပိုးသား၊ အသည်းကြားမှ
စကားသံချို၊ မဆိုချင်ပြီ ...၊
ဟောင်းအိုညစ်ထေး၊ ကာရန်တေးကို
ကလေးကလား၊ မကြားလိုပြီ ...၊
တိမ်နီကနုတ်၊ ညမိုးချုပ်ဝယ်
တောင်ငုတ်စွန်းချိပ်၊ ကွယ်တစ်ရိပ်မှ
မှေးမှိတ်ဝမ်းနည်း အိပ်စက်မည်။

mgyoe.com

mgyoe.

ငါ့အိပ်ပျော်သော
တစ်ရံရောခါ၊ တစ်နေ့တာဝယ်
မွေ့ရာအောက်မှ၊ ရှာတွေ့ကြမည့်
စာစကဗျာ၊ တို့တစ်ထွာကို
ဩဘာပဲ့တင်၊ ချီးမွမ်းချင်ကြ
နှုတ်မှမြည်တမ်း၊ တသလွမ်းဆို
စိတ်ဝမ်းငြိုဘိ၊ သို့တရှိလည်း
ငါ၏အိပ်ခြင်း၊ လျောင်းစက်ရင်းကား
ရှည်လျားကာလ၊ နိုးမရပြီ
သောကချုပ်ငြိမ်း ယောင်တကား။ ။

*'မိုးသောက်လက်ဘဝန်းကဗျာများ' မှ*

mgyoe.com

mgyoe.com 



# လူ့စက်ဝိုင်း

မြတ်နိုးလှစွာ၊ ပစ္စည်းသာမို့
ဓာတာခေါင်မိုး၊ အတူထိုးခဲ့
ပိုးဟပ်လည်းကိုက်၊ ကြပ်ခိုးရိုက်၍
စာသိုက်လည်းဖြစ်၊ နှောင်းကျန်ရစ်သော
ငယ်ချစ်သူပေး၊ စံပယ်မွှေး ... ကို
ငါ့မြေးဆော့ရင်း၊ ခြေဖြင့်နင်းသော်
ရင်တွင်းဘယ်သို့ ... ရှိချိမ့်နည်း။ ။

*'မိုးသောက်လက်ဝပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com


# ကဗျာဆရာ

ပဋိသန္ဓေ …၊
တည်နေအစ၊ လူဖြစ်ရ၍
ဘဝဝက်ပါ၊ ဖွေလှည့်ရှာသော်
ကဗျာချစ်သူ … တွေ့သတည်း။

ထိုချစ်သူကား၊
ငါ့အားချစ်လျက်၊ မမုန်းရက်နှင့်
အိပ်မက်ထဲမှာ၊ နှိပ်စက်လာ၍
ပေးပါ … ပေးပါ၊ တောင်းဆိုလာသည်
သည်းလွှာကိုလော၊ မျက်ရည်လော။

သင်တောင်းတိုင်းသာ
ပေးခဲ့ပါသည်
သည်းလွှာကုန်ကောလုပြီတည်း။

သင်တောင်းတိုင်းသာ
ပေးခဲ့ပါသည်
ငါ့မှာ မျက်ရည်မရှိတည်း။

တောင်း၍ပေးသည်
အသွေးအသားကိုတကား။

ပေး၍နှောင်းနှောင်း
ထပ်ထပ်တောင်းသည်၊ ဦးခေါင်းဆံမျှင်
ဆံပင်ခြေသည်း မကျန်တကား။ ။

*'မိုးသောက်လက်ဝဲပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

## တစ်ခါတလေ

(ကဗျာဆရာ•••သို့)

- တကုတ်ကုတ်လျှင် တစ်ပုဒ်ကဗျာ ရေးစပ်ပါလည်း
  လက်သာညောင်း၍ လဲလျောင်းစက်ချိန် တိုင်ခဲ့ပြီ။
- ထွန်းညိုပြာမှိုင် ဖယောင်းတိုင်လည်း
  ယိမ်းယိုင်လေသုတ် မှိတ်တုတ်တုတ်လျှင်
  ငြိမ်းချုပ်ရချိန် နီးလေပြီ။

သက်ရှူကြပ်၏ ။

- ရေးစပ်ကဗျာ မဖြစ်လာကြောင့်
  မိုးပြာ၏တေး ငှက်ကလေးကို
  ရေးဖွဲ့ရရင် ကောင်းမလား။

mgyoe.com

mgyoe.com

သက်ရှုကြပ်၏။

✎ ရေးစပ်ကဗျာ မဖြစ်လာကြောင့်
တာရာရှေ့ပြေး ရောင်နီသွေးကို
ရေးဖွဲ့ရရင် ကောင်းမလား။

သက်ရှုကြပ်၏။

✎ ရေးစပ်ကဗျာ မဖြစ်လာကြောင့်
လွမ်းနာဒိုင်ကြေး ရှိုက်သံတေးကို
ရေးဖွဲ့ရရင် ကောင်းမလား။

သက်ရှုကြပ်၏။

✎ ရေးစပ်ကဗျာ မဖြစ်လာကြောင့်
ဒဏ်ရာနှင့်သွေး စစ်သားလေးကို
ရေးဖွဲ့ရရင် ကောင်းမလား။

သက်ရှုကြပ်၏။

✎ ရေးစပ်ကဗျာ မဖြစ်လာကြောင့်
သဲဝါသောင်ဘေး လှိုင်းဖွေးဖွေးကို
ရေးဖွဲ့ရရင် ကောင်းမလား။

✎ တကုတ်ကုတ်လျှင် တစ်ပုဒ်ကဗျာ ရေးစပ်ပါလည်း
လက်သာညောင်း၍ လဲလျောင်းစက်ချိန် တိုင်ခဲ့ပြီ။

✎ ထွန်းညှိပြာမှိုင် ဖယောင်းတိုင်လည်း
ယိမ်းယိုင်လေသုတ် မှိတ်တုတ်တုတ်လျှင်
ငြိမ်းချုပ်ရချိန် နီးလေပြီ။ ။

*ကလောင်စုံမဂ္ဂဇင်း၊ (နိုဝင်ဘာ၊ ၁၉၅၁)*

mgyoe.com

mgyoe.com


## စာဆိုဟူသည်ကား

(၁၉၆၈ ခု၊ စာဆိုတော်နေ့သို့)

ကညစ်တစ်လက်
ပေတစ်ရွက်ဖြင့်
အသက် စတေးခဲ့ကြသည်။

သမိုင်းပေးတာဝန်
မြတ်ကျေပွန်သည်
လူချွန် စာဆိုတော်ပေတကား။

ကလောင်တစ်လက်
မင်တစ်စက်ဖြင့်
စာဖျက်,ပေဖျက်၊ အဆိပ်တက်၏။

သမိုင်းပေးတာဝန်
မကျေပွန်က
လူလွန်လူညံ့ သာတကား ။

*၂၅ ကြိမ်မြောက် ငွေရတုသဘင်*
*စာဆိုတော်နေ့အထိမ်းအမှတ် 'ကဗျာမြေ' မှ*

mgyoe.com

mgyoe.com

# ကြယ်ခြေရာကောက်ပါလို့

နေ့တွင်သန္တာ၊ ညနီလာကို
ကဗျာဆရာ၊ သူသာသိသည်။

နေခြည်ထိုးစ၊ အိပ်ရာထ၍
ညက 'ကဗျာ'၊ စိတ်စိတ်မွှာကို
ဆက်ကာပြန်ဖတ်၊ မကျေနပ်သေး
စိတ်အမြွေးဝယ်၊ အတွေးရှိုင်းနက်
သစ်ရွက်နှင့်လေ၊ မုန်တိုင်းခြွေဆဲ
ကြယ်ပုလဲငွေပျောက်၊ ခြေရာကောက်၍
မိုးသောက်တစ်နေ့ ... လွန်ပြန်သတည်း။ ။

*အတွဲ(၁)၊ အမှတ် (၁)*
*မေ၊ ၁၉၆၂ ခု (ကဗျာသစ်မဂ္ဂဇင်း)*

mgyoe.com

mgyoe.com

# ကဗျာဆရာ၏ ဒေါသ

ပေါက်ကွဲဒေါသ
ကျဉ်းစွအခန်း၊ ဝင်လာလှမ်းမိ
နံရံရှိကား၊ ဓာတ်ပုံများလည်း
လှုပ်ရှားသည်မှာ၊ ယိမ်းယိမ်းခါ၍
စာအုပ်ကြိမ်ဖန်၊ ပြန်ပြန်လှန်တည့်
လွင့်ကျန်ကဗျာ၊ ကြမ်းပြင်မှာလည်း
ပြန့်ပြန့်ကျဲလျက်၊ တံခါးရွက်များ
တွန်းထွက်သွားသည် ...
သူကားကဗျာဆရာဖြစ်လေသတည်း။ ။

*အာရုံသစ် (ဒီဇင်ဘာ၊ ၁၉၇၂ ခုနှစ်)*

mgyoe.com

mgyoe.com

## ထာဝရနက္ခတ်ကဗျာအိမ်

ငါတို့လူသား
လွန်ပလွှားသည့်
ကျော်ကြားမှုတွေ
ပန်းနယ်ကြွေလည်း
ဝေမြဲတောက်မြဲ
ကြယ်ပုလဲတို့
ရဲရဲရွှန်းဝါ
လင်းလက်ဖြာလျက်
ကဗျာပန်းအိမ် သီဖွဲ့ဆဲ။ ။

mgyoe.com

mgyoe.com

# ကဝိကဗျာ၏
# အရှိဆရာသို့ ကန်တော့ခန်း

သမိုင်းအသိ၊ စာလက်ရှိမို့
ကဝိတံခွန်၊ ဤသူမွန်ကို
အကျွန်ကော်ရော် ဦးခိုက်၏။

သမိုင်းမသိ၊ စာမဲ့ဘိသော
ကဝိဟန်ဆောင်၊ ထိုသူယောင်ကို
မျက်တောင်ခတ်ယို့၊ ဘယ်သို့ကျိုးအံ့။

ကဝိမှန်စွာ၊ ပူဇော်ရာသား
ငါ၏မိဘ၊ လက်ထပ်ပြသည့်
စ,ဦးဆရာ၊ ပြည်သူသာပင်
မဟာအနန္တ၊ ကြီးမြတ်လှဘိ
ကဝိခြေမှ၊ လွင့်စဉ်ကျသည့်
မြေစမှုန်မွှာ၊ ကျွန့်ပညာဖြင့်
ဆယ်ဖြာသောလက်၊ နွယ်ကြာယှက်သို့
ဦးထက်တင်ကာ၊ ရှိညွတ်စွာလျှင်
ဝန္ဒာမိပန်း၊ ကျွန်ဆင်မြန်းသည်
လျှပ်ပန်းပြက်ပြိုး၊ ရှိန်းရှိန်းရှိုးမျှ
မြေမိုးသိမ့်သိမ့် တုန်စေသတည်း။ ။

[ကဗျာ၏နောက်ဆုံးပိုဒ်အား "လက်ဦးမွန် ကန်တော့ပန်း" အမည်ဖြင့်လည်း ဖော်ပြဖူးပါသည်။]

*ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ဇူလိုင် ၁၉၈၃*

mgyoe.com

mgyoe.com

# လောကကိုသာ ပေးချင်ပါသည်

ချိုမြိန်ရသာ
ငါ့ရိက္ခာကို
ပေးကာဝေငှ၊ ငါဝမ်းဝ၏။

ငါ၏နေရာ
အေးရိပ်သာကို
မျှကာနေရ၊ ငါချမ်းမြ၏။

ငါ့အနုပညာ၊ သည်းပွတ်ညှာကို
ရင့်လွှာခွဲထုတ်၊ ပန်းကနုတ်စီ
လင်္ကာသီရ၊ စာကျမ်းလှ၏။

အခွင့်ကောင်းမယူ
လိပ်ပြာဖြူစွာ
ပြည်သူသည်သာ ဦးထိပ်ပန်း။

အခွင့်ကောင်းယူ
ငါ လူမဟုတ်၊ သူယုတ်မာပင်
ငါ့တွင်ရှိသမျှ၊ ပေးလိုလှသည်
လောကအားလုံး ယူလေတော့။ ။

ရှုမဝရုပ်စုံမဂ္ဂဇင်း၊ နိုဝင်ဘာ ၁၉၈၃

mgyoe.com

mgyoe.com

## မဟာစန္ဒကူးပင် ကဗျာဂန္ထဝင်စစ်တမ်း

(၁)

နှစ်ပေါင်းရာထောင်
ကြာရှည်အောင်တည့်
အခေါင်ပန်းမင်း၊ ပျံ့သင်းဆွတ်ကျူး
'စန္ဒကူး'ပင်၊ ငါစိုက်ချင်၏
လက်ာ ကဗျာ ပန်းထွတ်တင်။

(၂)

သို့ပါသော် ...
လမ်းလွဲချော်၍၊ တော်ရာမနေ
'ဘော်' ရှာဖွေရ၊ ငါ့ဘဝသည်
ဆန္ဒဆန့်ကျင်၊ စိတ်လျှင်တခြား
ပိတ်ကားပြောင်းပြန် ဇာတ်လမ်းသီ။

(၃)

လက်တိုဂျင်ဘူး၊ လျှာဖြင့်လူးလျက်
ထွန့်ထွန့်တက်ငို၊ နို့ချိုမွတ်ငတ်
အားပြတ်လွန့်တွား၊ သားသားလေးတွက်။

mgyoe.com

mgyoe.com

(၄)

တစ်ဖက်လွတ်စာရွက်၊ ဂဏန်းတွက်ရင်း
သက်ပြင်းဖိုလှိုက်၊ ငိုရှိုက်လေယောင်
တောင်ခြစ်မြောက်ရေး၊ သမီးလေးတွက်။

(၅)

ဆန်အိုးကြွက်ဖောက်၊ ခွက်မှောက်ထမင်း
"အပင်းလှျိုဟဲ့၊ ဆီဆားနဲ့ ..."ဟု
ရှုံ့မဲ့ညည်းတွား၊ ချစ်မယားတွက်။

(၆)

စောင်ရေထောင်သောင်း၊ ဈေးကောင်းမိလိုက်
အမှိုက်ထဲမှာ၊ ရွှေမှုန့်ပါသို့
စန္ဒကူးပင်၊ စိတ်တွင်ဖျောက်ထား ...
စားရေးသောက်ရေး၊ ဝမ်းမီးနွေးရန်
နွားချေးမြေစာ၊ တွေ့ရာမြေကွက်
လက်ဖြင့်ယက်တူး၊ ပွင့်ဖူးချိန်မီ
ရုံးပတီ,ချဉ်ပေါင်၊ သီးအောင် ခရမ်း
စားလမ်းတွင်ကျယ်၊ မြန်မြန်ဝယ်မည့်
ဆူလွယ်နပ်လွယ်၊ 'ဝတ္ထု'နယ်မှာ
ပြစ်မှုသွယ်ယှက်၊ သွေးစက်စီးကျ
သဲလွန်စပျောက်၊ ခြေရာကောက်ရင်း
မိုးသောက်နေဝင်၊ ကလောင်နှင်ခဲ့
ဝင်ငွေကောင်းလှည့်၊ ဗိုက်ဖောင်းပြည့်ကာ
သိုက်ပြောင်းမိသော သူကြွယ်လိုလို။

mgyoe.com

mgyoe.com

(၇)

ဘီယာသောက်ပွဲ၊ ရေခဲသေတ္တာ
ညှော်လာစည်ကား၊ ဟားဟား ... ဟေးဟေး
ရယ်သွေးချိုပြုံး၊ လူကုန်ဆန္ဒ
လောကသည် ... ငွေ၊ ရော့လေ ... ပေးအင့် ...
စားပိုးနင့်မျှ၊ သုခတောင်ထိပ်
ခေါင်းညိတ်လိုက်ရာ၊ ငွေရောက်လာလည်း
ဘာမျှမသိ ... ငါ့ရင်မှာ
ဘာမှမရှိ ... အနုပညာ
စာဘဝနတ္ထိ ... ကဗျာလက်ာ။

(၈)

လမ်းအမှား၏၊ ဖမ်းစားခြင်းမှ
လွတ်မြောက်ရသော်၊ ရသလမ်းဟောင်း
စောင်းငဲ့ပြန်ကြည့်၊ မျက်ရည်ပြည့်လျှံ
ကျောက်နံရံမှ၊ ဖောက်တန်းယိုထွက်
စမ်းရေစက်သို့၊ ငါ့လက်တွင်မာန်
မုန်တိုင်းထန်စွာ၊ ကာရန်မိုးကြိုး
ရွာပြီးမစဲ၊ တိမ်ခဲတိမ်နက်
လက်နှင့်တွန်းပုတ်၊ မောင်းလွှင့်ထုတ်သို့
တစ်ပုဒ်ကဗျာ၊ ရေးလာအစ
ပင်မအနှစ်၊ ရေသောက်မြစ်ပွား
ရွက်ထွားကွန့်မြူး၊ စန္ဒကူးပင်
ပေါင်းသင်မျိုးချ၊ စိုက်ခွင့်ရပြီ
ဘဝတစ်ဖန် ရှင်သန်နိုးထ ကဗျာမြေ။

mgyoe.com

mgyoe.com


(၉)

တေ်တော်ပြတ်ပြတ်၊ ဘဝဇာတ်မှာ
ဗလာဟောင်းဟောင်း၊ ဝမ်းခေါင်းအူမ
ပါးလျှပွန်းပဲ့၊ မပူခဲ့ချေ
လူနဲ့နေသမျှ၊ လူ့အလှကို
ဘဝမှာသာ၊ ကာရန်ရှာမည်
သပြာငွေကြေး၊ သွေးအဆိပ်တက်
စားခွက်ပြည့်ခိုက်၊ မူးမိုက်ဝေယစ်
ပဆစ်ကစား၊ ကျားစာလည်းဖြစ်
သားတစ်ပုပ်သိုး၊ ငှက်ဆိုးစွန်ချီ
'ရှယ်လီ'ရဲ့မာန၊ ပြာကျသော်လည်း
အသည်းမာကျစ်၊ ကျောက်ကြွင်းဖြစ်သတဲ့
ကျန်ခဲ့ရာစု၊ ဘာတစ်ခုမျှ
လောကတာဝန်၊ မကျေပွန်သေး
ကဗျာကြွေးဆပ်၊ ငါကျေနပ်သည်
မျက်ရည်မင်စက်၊ စာပန်းခက်တို့
အိပ်မက်ဆိုးမှ ခုန်ထွက်ပြီ။

mgyoe.com

mgyoe.com


(၁၀)

ဆင်းရဲခြင်းတံခါး၊ ငါဖွင့်ထားမည်
ငါ့ယုံကြည်ချက်၊ ငါ့အိပ်မက်မှာ
ကဗျာ ... ကဗျာ ... သူသာကြီးစိုး
မိုးကောင်းကင်သည် ငါ့ဖခင်
မြေပြင်သည် ငါ့မိခင်
မြင်မြင်သမျှ၊ မြူစမြူမှုန်
အာရုံငါးပါး၊ ခံစားဝေခွဲ
........................................။

(၁၁)

အို ... စန္ဒကူးပင်သာ
စိုက်ပါတော့မည်၊ ကဗျာသည် ငါ
ငါသည် ကာရန်၊ ငါ့အားမာန်ဖြင့်
အမှန်တရား၊ နှလုံးသားကို
သူဖုန်းစားလုပ်၍ လက်ဖြန့်မတောင်းပြီ။ ။

*ရွှေမဝရုပ်စုံမဂ္ဂဇင်း၊ မေ ၁၉၈၇*

mgyoe.com

mgyoe.com


# လွှတ်နေသော သုခမိန်

ပန်းကော်ဇောထက်၊ သူ့အိပ်စက်၍
သပျစ်သီးညို၊ ပျားရည်ချိုဆမ်း
ပြုံးနှုတ်ခမ်းဖြင့်၊ စမ်းရေစီးသံ
ကာရန်တစ်ဆစ်၊ ကဗျာဖြစ်အောင်
ရေးခြစ်သီကုံး၊ ဘဝရှုံးခဲ့
လင်ဆုံးသားပျောက်၊ စစ်မီးတောက်ကြား
ဆံဖားလျားဖြင့်၊ ပြေးလွှားဆူညံ
ငိုယိုသံများ၊ သူမကြားနိုင်
ငေးငိုင်တွေဝေ၊ သူမသေမီ
ရေမြေတောတောင်၊ လူ့အောင်ဖန်ဆင်း
စိတ်ကူးရင်းဖြင့်၊ သေမင်းခေါ်ချိန်
သုခမိန်စောင့်၊ အမှောင်ထောင့်တွင်
ကျောတောင့်ခါးညောင်းချေပြီတကား။ ။

'လောကမျက်ကန်းကဗျာများ' မှ

mgyoe.com

mgyoe.com

## အမှောင်လွှမ်းသော ဝေဖန်လွှာ

ကိုင်းမမီ … ဖျားမရောက်
သိုက်အိမ်ဆောက်
သစ်တောက်ငှက်ငယ် … သနားဖွယ်။

ရှေးမမီ … ခေတ်မညီ
ကဗျာသီ
သွေဖည်ဆန့်ကျင် … စာဆိုသင်။

ငှက်နှင့်စာဆို
ဝေဖန်လိုလည်း
နေညိုသောခါ
ငါ့လက်ာကို
တိမ်ပြာဖုံးအုပ်
လင်ပုပ်ဖမ်း
အမှောင်လွှမ်းကြောင့်
တစမ်းဝါးဝါး … ရေးရတကား။ ။

'လောကမျက်ကန်းကဗျာများ' မှ

mgyoe.com

mgyoe.com

# ရဲတိုက်ဟောင်းမှ စောင်းသမား

ခေတ်ကိုနောက်ပြန်
ဆွဲကြရန်တွက်
ဖောက်ပြန်လှစွာ
ဤကမ္ဘာကို
မဟာမျက်လှည့်ပြကြတကား။

ခေတ်ကားရွှေ့လျက်
ရှေ့သို့တက်ကာ၊ ပြောင်းမြဲသာတည့်။

အို ... ဟောင်းညစ်လက်ဟာ၊ သေတမ်းစာရေး
မျဉ်းငိုက်မေးရင်း၊ ခေတ်ဆွေးအက်ကြောင်း
ရဲတိုက်ဟောင်းတွင်၊ စောင်းအိုကိုတီး
ပျက်စီးနန်းတော်၊ ရွှေသော်မော်ကို
တူးဖော်ရင်းသေ၊ မှော်ကဝေနှယ်
ပဒေသရာဇ်၊ အမွေနှစ်ဖြင့်
နေရစ်ကြတော့ ... ခေတ်ဝေးဝေး။ ။

'လောကမျက်ကန်းကဗျာများ' မှ

mgyoe.com

# သံတံခါး၏ နောက်ကွယ်တွင်

စာအုပ်ပုံထဲ
လျှောင်းအိပ်လှဲ၍၊ လူထဲမဝင်
သစ်တစ်ပင်အို၊ သီးမချိုသို့
မှောင်ကိုကျောပေး၊ သင့်အတွေးသည်
အဝေးအနီးမရှိတကား။

အသင့်လောက၊ ကျဉ်းမြောင်းစွတည့်
မာနတရား၊ သံတံခါးကို
ပိတ်ထားမှောင်မှောင်၊ အကျဉ်းထောင်၌
သင့်ကလောင်အား၊ ကင်းစောင့်ထားလျက်
စားကာအိပ်ကာ၊ ချိန်ကုန်ပါခဲ့
ပညာအတု၊ လက်ပြု၍
မနုဿလူသား၊ သင်ပြုစားသော်
ဘွဲ့များထပ်တိုး၊ သင့်အရိုးတွင်
ကြိုးချည်သီတန်းနိုင်ပြီတကား။ ။

'လောကမျက်ကန်းကဗျာများ' မှ

mgyoe.com

mgyoe.com


# မိုးသောက် လက်ာပန်း

မပွင့်သေးလည်း ...၊
ပွင့်ရေးငံ့မျှော်၊ မိုးသို့မော်လျက်
သော်မော့်ပွင့်လွှာ၊ ငုံအာဖွေးဖွေး
ပျံ့ပျံ့မွှေးဆွတ်၊ ဖူးဖူးညွတ်၍
လွတ်လပ်သီးခြား၊ ဖွံ့ဖွံ့ထွားသို့
အားသစ်သစ်လန်း၊ တီထွင်ဆန်းကာ
ပန်းဝတ်ပန်းမှုန်၊ သင်းသင်းထုံစွ
အရဏ်နေခြည်၊ ခရီးသည်၏
ရွှေရည်မြသား၊ ပတ္တမြားတိမ်လွှာ
လွှမ်းဖြန့်လာသော်၊ လင်္ကာသျှင့်နန်း
မိုးသောက်ပန်းလျှင် ...၊
လန်းလန်း ပွင့်ပွင့် စွင့်စွင့် ဖူးဖူး ဝေဝေတည်း။ ။

*'မိုးသောက်လင်္ကာပန်းကဗျာများ' မှ*

mgyoe.com

# နန်းထိုက်တော် သဇင်

သင်းသဇင်
မင်းဘုရင် စံဝင်ထိုက်လေတဲ့
နန်းကြိုက်တော်သုံး။

ပွတ်လုံးရွှေပလ္လင်နှင့်
နွေသဘင်အချိန်နှောင်းလေမှ
ဆောင်းအဝင် နတ်တော်ဆန်းလေပေါ့
နန်းတမော့ရုံးစုညီ
စာဆိုသီသည့် လင်္ကာကုံး။

နှလုံးမင်ရည်ဖျော်၍
သီဂီလျော်ရွှေကညစ်ရယ်နှင့်
လမ်းသစ်ကြိုနန်းဗဟိုနာရီစောင်းသော်လည်း
အဟောင်းကိုမေ့နိုင်စွမ်းပြီဘု
နွမ်းသယောင်
လွမ်းကလောင်မျက်ရည်ဆင်းရတယ်
နှင်းရည်ခ မင်းပြည်မရှေး အစဉ်အလာထုံး။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# သင်နှင့် သင်သာ

တောင်ကိုတုပြိုင်
မမြင့်နိုင်သည်
ငုတ်တိုင်ငုတ်တိုင် ... တိုတိုတကား။

ပင်လယ်ကိုပြိုင်
မနက်နိုင်သည်
ရေအိုင်ရေအိုင် ... တိမ်တိမ်တကား။

နှင်းဆီကိုပြိုင်
မနီနိုင်သည်
ငုခိုင်ငုခိုင် ... ဝါဝါတကား။

တောင်သို့ပညာ၊ နှိုင်းဝံ့ရာသား
စိတ်ကားပင်လယ်၊ ရှိုင်းနက်ကျယ်ကာ
ကဗျာနှင်းဆီ၊ ရဲရဲနီကို
မမှီလေဘု၊ သင်တို့တုလျှင်
ခရအဆံချောင်လိမ့်တကား။ ။

'မိုးသောက်လက်ာပန်းကဗျာများ' မှ

mgyoe.com

mgyoe.com

# သောကသောင်မှ ရယ်သံ

သောကပင်လယ်
လွမ်းသောင်ငယ်တွင်၊ နုနယ်စဉ်က
မျက်ရည်စဖြင့်၊ နှမကလျာ
မြပဝါကို၊ ရေမှာမျှောခိုက်
အပူတိုက်ဆင်၊ မီးလောင်ပြင်မှာ
ဒဏ်ရာရှာခက်၊ တသက်သက်ဖြင့်
လွမ်းမျက်ဖြေတေး၊ လင်္ကာရေးသည်
ကလေးသူရူးငယ်သာတကား။

သစ်ငုတ်လည်းတို၊ ကမ်းလည်းပြိုကာ
သဲညိုဖုံးလွမ်း၊ ဇရာကြမ်း၍
လမ်းဟောင်းဖွေရှာ၊ မတွေ့ပါတည့်
ပဝါကိုယ်စား၊ လှတစ်ပါးခြေရာ
တွေ့လေပါလျှင်၊ ရယ်ချင်ချင်ရှင့်
ကောင်းကင်ပြာမှိုင်း၊ လွမ်းသူ့တိုင်းဟု
အူရှိုင်းထန်းရည်၊ သောက်မိချေစဉ်
လက်ရေချိုးတွက်၊ ထန်းရွက်ပေါ်မှာ
လင်္ကာရေးထား၊ စိတ်အမှားဖြင့်
အသားမီးကင်၊ ရွှေရင်ကိုခွဲ
အသည်းကိုထွင်း၊ အပ်နှင်းမေတ္တာ
မှသားသာတည့်၊ ခုခါပြန်ပြောင်း
နေရာဟောင်းအို၊ ကမ်းပါးပြိုဝယ်
အဘယ်တွက်ကြောင့် ငါရယ်သနည်း။ ။

'မိုးသောက်လင်္ကာပန်းကဗျာများ' မှ

mgyoe.com

mgyoe.com

## နေ့တစ်နေ့၏ နောက်ဆုံးကဗျာ

နှစ်ပေါင်းများစွာ ...
ကဗျာမရေး၊ တေးလည်းမဆို
ဇရာကိုသာ၊ စောင့်ကြိုကာဖြင့်
နေ့နှင့်ညမှား၊ အိပ်စားမေထုန်
ကာမဘုံတွင်၊ လကိုမြင်လိုက်
မှောင်မိုက်ပြီးသော်၊ နေဝန်းပေါ်မှ
အိပ်ရာထ၍၊ လောကငရဲ
ပုလဲထင်မှတ်၊ အပူဟပ်သည်
ယူတတ်လေက၊ ကာရန်လှမည် မသိတကား။

mgyoe.com

mgyoe.com

ငါ့မြေးငယ်က ...
အဘလင်္ကာ၊ ရေးစမ်းပါ ...ဟု
တီတာချိုမြ၊ ဆန္ဒပြသော်
သောကအတွေး၊ ရင်တွင်းရေးရာ
ငါ့ကဗျာကို၊ ကာရန်ကူးသွယ်
ဘီလူးရယ်က၊ ကြက်သီးထမိ
အဘိဓမ္မာ၊ ဖွေရှာမောရ
ခုမှတွေ့သည်၊ မျက်ရည်တို့ကြား
အိုင်ကမ်းခြား၍၊ ကြီးမားသမုဒ္ဒရာ
ကဗျာပင်လယ်၊ ကူးမလွယ်ကြောင်း
အဖြေနှောင်းခဲ့၊ ဦးခေါင်းရမ်းကာ
မပြုံးပါရက်၊ အရယ်ခက်သည်
မြေးတွက်နောက်ဆုံးကဗျာနိဂုံးတည်း။ ။

*'မိုးသောက်လင်္ကာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# စာရွက်ဝါကဗျာဟောင်း

မြူဖုန်လွှမ်းဖုံး
အသုံးမဝင်၊ စာအုပ်စင်မှ
ကြွက်ဝင်ပိုးကိုက်၊ အမှိုက်ပုံထဲ
ပြန့်ကျဲလွင့်လွင့်၊ မှိုက်တက်လင့်သည်
စာပွင့်ပန်းလွှာ၊ ဤကဗျာကား
ငါငယ်စဉ်က၊ စန်းလင်္ဂထ၍
မာနသွေးမြောက်၊ စိတ်ရူးပေါက်ကာ
မတောက်တခေါက်၊ ဖောက်ပြန်တင်စား
အိပ်မက်များသာ၊ ဖြစ်ခဲ့ပါကြောင့်
ခုခါအိုမင်း၊ ဇရာယွင်းချိန်
နေမှိန်မှိန်ဝယ်၊ စိတ်ရှိန်သတ်ကာ
ပြန်ဖတ်ပါသော်၊ ငါ့မှာရယ်ရ
သံဝေဂနှင့်၊ ဘာမျှမရှိ
နတ္ထိလင်္ကာ၊ စာရွက်ဝါကို
လက်မှာကိုင်ရင်း၊ မျက်တောင်စင်းလျက်
သေမင်းအလာ၊ စောင့်ခဲ့ပါသည် ...
ကဗျာနေဝင်တော့မည်တည်း။ ။

*'မိုးသောက်လင်္ကာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com


# သဇင်သင်းလေတိုင်း

မြေအဦးမှ
ပေဖူးငုံဆင့်၊ စာပေပွင့်ခဲ့
ကျောက်နှင့်အက္ခရာ၊ ကမ္ပည်းလွှာဝယ်
စာဟုသတ်မှတ်၊ ပညတ်ညှိနှိုင်း
သမိုင်းပုံပြင်၊ ရာဇဝင်မော်ကွန်း
ဥဒါန်းထွန်းရာ၊ လက်ာမချို့
ပျို့နှင့်အဲအန်၊ ရကန်သီပြု
ရတုသီမှုန်း၊ စာပန်းကုံးကို
ဂမုန်းသင်းမြိုင်၊ သဇင်ကြိုင်စွ
စာဆိုလတွင်၊ မျှော်တရည်ရော်မိသတည်း။

ပေတစ်ရွက်တွင်၊ ဖွေလက်တင်၍
သစ်ပင်သစ်စေး၊ ဆေးစပ်ရေးခဲ့
ငှက်မွေးငှက်တောင်၊ ကလောင်အဖြစ်
တီထွင်သစ်၍၊ ကညစ်ကောက်ကြောင်း
ရေးသူကောင်းများ၊ ပြုခဲ့ငြားသည့်

mgyoe.com

mgyoe.com

နွယ်ပွားမြစ်မြေး၊ သားချော့တေးမှ
ယဉ်ကျေးဆက်ခံ၊ ပလ္လင်ပျံနန်းမ
ခေတ်သမယနှင့်၊ ကျူးဝပြဒိုး
မြို့ရိုးရဲတိုင်၊ စာပန်းခိုင်ကို
ကြိုင်သဇင်ဦး၊ ဂမုန်းဖူးစ
စာဆိုလတွင်၊ မျှော်တရည်ရော်မိသတည်း။

အော် ... စာဆို့တာဝန်၊ ကျေပွန်ထမ်းရွက်
ခေတ်ပြောင်းဆက်ခဲ့၊ ကျောက်ထက်အက္ခရာ
တစ်လွှာပေထက်၊ တစ်ရွက်မှသည်
နိဒါန်းချီ၍၊ မျက်ရည်နှင့်သွေး
စတေးကြရဲ၊ မင်းလက်ဝဲမှ
နန္ဒအမတ်၊ ဦးဖြတ်လည်စင်း
သေမင်းနှင့်ပြိုင်၊ လက်ာနိုင်သည့်
စာတိုင်မှတ်တမ်း၊ တရော်ရမ်း၍
စမ်းတစ္ဆေစို့၊ မျက်ရည်တို့လျှင်
စာဆို့ပါးထက်၊ ယို့ယို့သက်သည်
တစ်ခက်သဇင် သင်းချိန်တည်း။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

# ကာရန်မတွေ့သော ညတစ်ည

နေ့တွင်မအိပ်၊ ညတွင်အိပ်၍
အဆိပ်ရည်နှင့်၊ မိတ်ဆွေသင့်ကာ
ကမ္ဘာမှောင်မှောင်၊ အကျဉ်းထောင်နှယ်
ကြယ်ရောင်မလင်း၊ လမင်းမသာ
ဤမြေလွှာဝယ်၊ ကဗျာရေးသား
သင့်လက်များကို ...
အနားပေးချိန်တန်သင့်ပြီ။

ငါ့အားတောင်းပန်၊ ထိုအသံသည်
ဝေးလံကမ္ဘာ၊ ဘယ်နေရာမှ
လာ၍နှောင့်ယှက်၊ စိတ်ကူးပျက်အောင်
ဆိုလေယောင်နည်း။

အမှောင်ပြယ်စ၊ နံနက်ထ၍
နှမ်းလျစိတ်ညစ်၊ မျက်နှာသစ်သော်
ချစ်သူမျက်လုံး၊ ကြယ်ပွင့်ကုံးတို့
ပြုံးပြုံးပေါ်လာ၊ မြင်ရပါသည်
ရေမှာတံလျှပ်ရိပ်ယောင်တည်း။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# ကြယ်နှင့် ကဗျာဆရာ

ပင့်ကူအိမ်တွင်
ကြောင်လိမ်လေ့ကား၊ တပ်ဆင်ထားသည်
ခြေဖျားထောက်၍ ... တက်ပါလော့။

တကယ်ဆိုလျှင်
ကောင်းကင်မှာကြယ်၊ မြေဝယ်လူသား
အငြင်းပွားရာ၊ စကားထာကို
ကဗျာဟူ၍ ... ဆိုမည်လား။

သန်းခေါင်တိုင်းမှာ၊ လမသာ၍
ဆည်းဆာတိုင်းတွင်၊ နေမဝင်သော်
အသင်ဘယ်သို့ ... တွေးမည်နည်း။

သင့်အတွေးကား
တိမ်မြွေးကောင်းကင်၊ ပိုးဇာမျှင်ကို
ခုတ်ထွင်လမ်းဖောက်၊ ကြယ်အိမ်ဆောက်၍
တစ်ယောက်ဖော်ကင်း၊ လူးလွန့်ရင်းဖြင့်
သက်ပြင်း ဘာကြောင့် ... ရှိုက်သနည်း။ ။

*'မိုးသောက်လက်ဘက်ပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com





## နွေပျောက်စကားထာ

သျှင့် ... ကလျာ
ဗျာပါဆံမြိတ်၊ တိမ်ခိုးချိတ်ဆင်
ငွေမျှင်မျှင်ကို၊ သခင်လာမည့်
လမ်းတရှိဝယ်၊ နွမ်းရိဖြေချ
ကြိုချေကမူ၊ ဖွဖွမနင်း
တင်းတင်းကြိတ်ချေ၊ ကျော်လွှားစေလည်း
ကျေနပ်ပါသည် ...၊
မျက်ရည်တစ်ပေါက်၊ ကြွေမခြောက်မီ
နွေပျောက်လင်္ကာ၊ စကားထာကို
သဲမှာမြှုပ်နှံ ... ဝှက်ခဲ့သည်။

မပျော်နိုင်သည် ...၊
လည်တိုင်ရွှေကြော့၊ မြမြမော့၍
အသော့ပြေးလွှား၊ မရပ်နားခဲ့

mgyoe.com

mgyoe.com

စကားဝှက်၏၊ အနက်ဖွင့်ရာ
ကန္တာနက်ရှိုင်း၊ သဲမုန်တိုင်းလည့်း
ရိုင်းလှချေပြီ၊ ကြယ်နီနီတို့
သူတချို့ပင်၊ လျှောင်လို့ရယ်စ
သရော်ကြဆဲ၊ အိပ်မက်ထဲမှာ
သန္တာရွှေအိမ်၊ ငွေတိမ်မင်းသမီး
ခရီးနွမ်းချေ၊ စမ်းရေကိုဖြတ်
မွတ်ငတ်နှုတ်ခမ်း၊ လွှာတစ်ခြမ်းက
လာနမ်းကိုယ့်ကို ... နှိုးပြန်သည်။

အော် ... နွေပျောက်စကားထာ
ဖွေ ... ဖွေ ... ရာမော၊ အိပ်မက်စောစွ
သောကအနက်၊ ဝှက်သည့်စကားလိမ်
ကြယ်မှိန်မှိန်လဲ့၊ ညဥ့်နက်ခဲ့မှ
ပြင်းစွအပူန်၊ ဂဠုန်တိမ်တောင်
မှောင်ရာမှမည်း၊ သဲသဲသွန်းစွေ
လေနှင့်မုန်တိုင်း၊ ပြိုင်းပြိုင်းဝင်းလက်
လျှပ်ခက်နွယ်ကူး၊ ကြယ်တစ်ဖူးကြွေ
လက်ာမြေမှာ ...
ဖွေရာ ... နွေစကားထာ ... အဖြေပေး။ ။

*'မိုးသောက်လင်္ကာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

## အရွက်ပြေပိတောက်ပန်း

တစ်ခိုင်ခူးမယ်လို့
မြိုင်ဦးသာယာဖွေခဲ့
ညှာညှာပြေ ဝါဝါရွှေ သင်းဝေလှောက်ပါတဲ့
ပိတောက်ပင် မရောက်ခင် စစဦးမှာ
ဖူးလွလွ ခူးရရ ချိုင်မယ့်ကြံ။

ပင်ယံမှာ သူတို့ဝိုင်းနှင့်ကြ
မြကိုင်းကုန်ကုန်ကြွေ၍
သုန်သုန်လေ မွှေမနှောက်သော်လဲ
လုံလုံမေ ချွေမလောက်ပြီဘု
တစ်ယောက်တစ်ခိုင် ပိတောက်မြိုင်
ကုန်လုကောပြီပ
ပိတောက်တစ်ခိုင် နှစ်ယောက်ဆိုင် ဆုံလုမောပြီမို့
ပြေးခဲ့ရ ဝေးပြပြ လေးနှမ သူ့အထံ။

mgyoe.com

သောင်းသောင်းညံ သောသောလှုပ်
ခြေဆစ်မြှုပ် ဧရာစင်အိုင်နှင့်
ဒိုးပတ်ယိုင် ကိုးရပ်ပြိုင် တိုးကြပ်လူလှိုင်လှိုင်ပ
'ကွမ်းတောင်ကိုင် မရွှေဒွေး ဝိုင်းပါကြလေး'
ဆိုတေးညီညီတိုင်ကြ
ခေါင်းမနိုင်ဆံတောက်ဦးမှာလဲ
ပိတောက်ဖူးဝါဝါမြင်မိ
ဘယ်သူဆင် ဘယ်သူပေးပါလိမ့်
ဆွေးသိမ့်သိမ့် မျက်ရည်လျှံ
ခက်ပွေပြန်ပါဘိ မိတစ်ပါး
မျက်ထားသိုသို
ရွှေစိတ် မှောင်မှောင်ညိုမှ
လှောင်လှောင်ချို ရယ်သံစရယ်နှင့်
လေးနှမ ပြေးအက ယိုင်ယိုင်လာ၍
ငိုင်ငိုင်ကာ မက်မက်မပြုံးသာတဲ့
ရှက်ရှက်တုံး ကိုလူညိုသို့
ကျောဒိုးယို ရေစင်ပေါက်အောင်
ကျောက်စက်ရေ မြမြမွှန်း
သွန်းစိမ့်စိမ့် သည်လိုဖြေမှ
အရှက်ပြေ ဖြေစတမ်းရယ်လို့
ကျမျက်ရည် ကြွေတစမ်းရယ်နှင့်
လှမ်းအပေါက် ပန်းပိတောက်ထိလေမလား။ ။

*ရှုမဝမဂ္ဂဇင်း၊ (ဧပြီ၊ ၁၉၅၆)*
*ကဗျာ့ပုလဲကုံး၊ ရှုမဝတိုက် (၁၉၅၉)*
*ကဗျာမဂ္ဂဇင်း (မတ်၊ ၁၉၉၁)*

mgyoe.com

mgyoe.com


# ပိတောက်ခက်နှင့် မြမျက်ရည်

ပိတောက်ပင်အောက်
ကိုယ်တစ်ယောက်သာ ... ရှိခဲ့ပါတည့်။

ကိုယ့်ခြေရင်းဝယ်
ပြန့်ခင်းပိတောက်၊ ဝါဝါလျှောက်တို့
ပန်တောက်ဆင်သ ... မရှိစွတည့်။

ကိုယ်မပျော်နိုင်
သည်မှာငိုင်၍၊ ဆုပ်ကိုင်မြခက်
ပိတောက်ခက်နှင့်၊ မျက်ရည်ဝိုင်းဝိုင်းစို့ရသည်။

ဟိုဆီမှာမူ
အတာသကြံန်၊ ရေသွန်းခံသည့်
ဆူညံပြေးလွှား၊ ကလေးများတည့်။

ယမန်နှစ်က
သွန်းကြရေစင်၊ ပိတောက်ပင်ကွေ့
သူနှင့်တွေ့၍၊ ပိုက်ပွေ့ကိုင်ထား
ငွေဖလားနှင့်၊ ကိုယ့်နားမှာထိုင်
ပြုံးချင်းပြိုင်၍၊ ရွှေခိုင်ပိတောက်

mgyoe.com

mgyoe

ကိုယ်လုံးပျောက်,အောင်၊ ဆံတောက်ဖားလျား
ရှည်လျားကေမျှင်၊ ပန်သ,ဆင်ကာ
ချစ်ကြင်စကား၊ ဆိုပါငြားသော်
သူ့ပါးသိင်္ဂီ၊ ရှက်ရှက်နီ၍
နှင်းဆီမှန်တိုင်းထသတည်း။

ပိတောက်ပင်မှ၊ ချစ်သွေးကြွ၍
စသည့်ချစ်ထုံး၊ သူလွန့်ရှန်းကာ
နေလုံးပျောက်မှ၊ ခွဲခွာကြတည့်
ညဆိုချိန်းတွေ့၊ တိမ်ငွေ့နဂါး
သစ္စာထားတေး၊ လက်မောင်းသွေးနှင့်
ရေးခဲ့'အသည်းပုံ'၊ ရင်ငွေ့လှုံကာ
စုံမက်မြတ်နိုး၊ ချစ်နှောင်ကြိုးတွင်
တိုးဝင်မိကြနှောင်နှောင်တည်း။

ဤသကြံန်မှူ
သူလည်းမလာ၊ ဗျာပါကြွေ့ကြွေ့
အသည်းမြည့်ရ၊ ဟိုရှေ့ဆီမှ
ဝိုင်းကသံတိုင်၊ ဒိုးပတ်ယိုင်နွဲ့
ဆွတ်လှည့်မွှန်းမွှန်း၊ သွန်းမြရေစင်
တွေ့ရမြင်လည်း၊ မရွှင်နိုင်သော်
မပျော်နိုင်ဘိ၊ ခိုင်တစ်မိကြောင့်
မချိပူလောင်၊ ချစ်မီးတောင်ကို
ငြိမ်းအောင်ရေစင် ... မသွန်းနိုင်။

ပိတောက်ပင်အောက်
ကိုယ်တစ်ယောက်သာ ရှိခဲ့ပါ၍
လက်မှာကိုင်လျက်၊ ပိတောက်ခက်နှင့်
မျက်ရည်ဝိုင်းဝိုင်းစို့သတည်း။ ။

သွေးသောက်၊ ဧပြီ ၁၉၅၈

mgyoe.com

mgyoe.com

# ငုံ့သူ (သိလျက် မသိသူသို့)

အာသာလျှလျှ
ငုံ့သူကိုမှ အားမနာ။

လ,သာ၍နေထွက်
နေထွက်၍လသာ
ဆောင်းလွှာလွှာ ... ကြွေသက်လျှော
နွဲ့ နွဲ့ ... မောပြီရှင့်
သခင့် ... သခင့်, သက်ကိုယ်စား
တနင့် ... တနင့်, ဝှက်သိုထား။

သည်းပွတ်ကြားမှ စိတ်ဝိညာဉ်
လဟာပြင်သို့ ထွက်ပြေးချင်။

ချေင်နူတ်စ
ခယသည်ကိုမှ နားမနာ။
ကြာကြာလေ ဝေးဝေး
ဝေးဝေးလေ ကြာကြာ
ဆောင်းလွှာလွှာ ... ကြွေနိဂုံး
နွဲ့ ... နွဲ့ ... မုန်းပြီရှင့်။
သခင့် ... သခင့်, စိတ်ကိုယ်စား
တထင့် ... တထင့်, သိပ်သိုထား
အိပ်မက်မှားသည့် စိတ်ဝိညာဉ်။
ကဗျာမင်ဖို့ ခက်သေးရှင်
အော် ... လဟာပြင်သို့ ထွက်ပြေးချင်။ ။

ရှုမဝမဂ္ဂဇင်း၊ မတ် ၁၉၅၄

mgyoe.com

mgyoe.com

## ပိတောက်ပွင့်တူ မယ့်ချစ်သူ

ဆောင်းလည်းနှောင်း၍
ညိုမောင်းချပ်ဆင်၊ မိန်အဝင်ဝယ်
သဇင်လည်းသိမ်း၊ မြူရိပ်ငြိမ်း၍
မြစိမ်းဝတ်လွှာ၊ ဤကမ္ဘာကို
သန္တာတစ်ခြမ်း၊ နွေရိပ်လွှမ်းသော်
စိမ့်စမ်းကွေ့ကောက်၊ လမ်းတစ်လျှောက်ဝယ်
ခန်းခြောက်ရေအိုင်၊ သေလာမြိုင်က
လွှမ်းနိုင်သသူ၊ မရှိမူလည်း
တေးကြူသာနှော၊ နွေဥသြသာ
လွှမ်းလင်္ကာကို
သီကာဖွဲ့ဖွဲ့ နွေနွေကျူး။

mgyoe.com

mgyoe.com


နွေဥသြဆင့်၊ မကြာလင့်မိ
ပွင့်ခဲ့ပိတောက်၊ သုံးကြိမ်မြောက်ခဲ့
ဆံတောက်ဆံကေ၊ ရွှေ ... ရွှေ ပိတောက်
ဝေဝေလှောက်၍၊ ချွေကောက်အပြိုင်
မောပါနိုင်ငဲ့၊ တစ်ခိုင်ဆိုလျက်
တစ်ခက်ထပ်ရူး၊ ငုံဖူးဝါဝါ
လှပါသလေး၊ မလှသေးနှင့်
ချယ်ရွေးမဆုံး၊ လှအပြုံးဖြင့်
တစ်ကုံးဆိုလျှင်၊ မတန်ချင်ပြီ
တစ်ပင်လုံးဆွတ် ... ခြွေခြွေရူး။

သူ့ထက်ငါဦး၊ လက်ချင်းလူး၍
ရူးပိတောက်ခိုင်၊ ပွေ့မနိုင်စွ
ယင်းကာလတွင်၊ ရေစင်ဇလား
သွန်းဆွတ်ငြားသော်
ကျောများဒိုးယို၊ စိမ့်စိမ့်စိုကာ
ရေချိုတစ်စက်၊ ဘယ်သူပက်၍
သျှင့်မျက်နှာဝယ်၊ ရှက်သွေးခြယ်ရ ...
လက်ဝယ်ပွေ့ကိုင်၊ ပိတောက်ခိုင်ကို
မနိုင်ပစ်ချ၊ ရှက်ဒေါသနှင့်
လှည့်ကြည့်လင့်သော်၊ သခင့်မျက်နှာ
ဝင်းဝင်းဝါကြောင့်
ရင်မှာသိမ့်သိမ့် ... ဝေဝေမူး။ ။

'မိုးသောက်လက်ာပန်းကဗျာများ' မှ

mgyoe.com

mgyoe.com

## စောင်းသမားလေးမုန်တိုင်း

(ကာရန်မဲ့ ကဗျာ)

မင်းနဲ့ ငါနဲ့ မတွေ့နိုင်တော့လူး ... အချစ်ရယ်။
လှေပျက်ပေါင်းလည်း များလှပါပြီ။
မုန်တိုင်းဟာ အရက်မူးနေတဲ့ မျောက်သိုးရိုင်းကြီး
လိုပါပဲကွယ်။
အို ... လှိုင်းတွေဟာ လက်ချင်းဆက်ပြီး မောင့်
လာလမ်းကို တားဆီးထားကြတယ်လေ။
မောင်ဟာ၊ စောစောက မုန်တိုင်း၊ ဖျက်ဆီးလို့
အပိုင်းပိုင်းကျိုးကျနေတဲ့ လှေငယ်ကိုကြည့်ပြီး မျက်ရည်
ကျမိတယ်။ ဒါပေမဲ့ ... အညံ့စားမျက်ရည်တော့
မဟုတ်ပါဘူးကွယ် ...၊ ဒေါသထွက်တဲ့ မျက်ရည်ပါ
အချစ်ရယ်။
မောင့်မျက်လုံးထဲမှာ အလောင်းတစ်လောင်း မျော
လာသလားလို့ မြင်ယောင်မိတယ်။ ဒါပေမဲ့ လှိုင်းလုံး
ကြီးရဲ့ ပခုံးကြီးတွေပါကွယ်။ မင်းအလောင်း မဟုတ်
ပါစေနဲ့ ... အချစ်ရယ်။
မင်းအလောင်း မဟုတ်ပါစေနဲ့။
ပင်လယ်ပြင်ကြီးဟာ ဘီလူးမျက်နှာကြီးနဲ့ တူလှ
ချည်ရဲ့။ မာန်ဖီနေတယ် ... ဟိန်းဟောက်နေတယ်။

mgyoe.com

mgyoe.com


ဒါပေမဲ့ ... ဒါပေမဲ့ ... ဒါပေမဲ့ ... အို .. အချစ်ရယ်။ မုန်တိုင်းကြီးက ပြောတယ်၊ သူဟာ ... သူဟာ "စောင်းသမားကြီး" ပါတဲ့ကွယ်။ .

သူဟာ မောင်တို့နှစ်ယောက်ရဲ့အချစ်ကို ဖျက်ဆီးတာမဟုတ်ပါဘူး၊ စောင်းတီးရင်း ... တေးဆိုနေပါသတဲ့ကွယ် ...။

ကြည့်စမ်း ... ကြည့်စမ်းကွယ်။ ရက်စက်လိုက်တာများရယ်။

မုန်တိုင်းက တေးဆိုတယ်ဆိုတာ ... ဖြစ်နိုင်ပါ့မလား အချစ်ရယ်၊ မင်း ယုံသလား၊ မောင်တော့ မယုံဘူး။ အို ... မုန်တိုင်း စောင်းသမား! သင့်ကို ငါတို့ ကျိန်ဆဲပါ၏။ သင်သည် တို့နှစ်ယောက်ကို လုည့်စားလေဘိတကား။

တစ်ခုတော့ရှိတယ် ... အချစ်ရယ်၊ မုန်တိုင်းဆိုတာ ကြာကြာမတိုက်နိုင်ပါဘူးကွယ်။ သည်းခံခြင်းနဲ့ အချိန်ကို အားကိုးရမှာပဲ။ တော်ကြာ သူငြိမ်သွားပါလိမ့်မယ်။ အို ... အချစ်ရယ် ... ဘယ်အချိန်များမှာမှ မုန်တိုင်းအတိုက် ရပ်ပါ့မလဲကွယ်။

ဒါပေမဲ့... ဒါပေမဲ့... ဒါပေမဲ့ ... အချစ်ရယ်။ မုန်တိုင်းကြီးကတော့ အခုထက်ထိ ညာနေတုန်းပဲရှိသေးတယ်။

"သူ တေးဆိုနေသတဲ့ကွယ် ..."

မောင်တော့ ကမ္ဘာဆယ်ကုဋေ–ကမ္ဘာအဆုံး မယုံနိုင်ဘူး၊ မောင့်သည်းရယ်။

(မှတ်ချက်။ ။ ကာရန်မပါသော ကဗျာနစာညွန့် ဝတ္ထုကဲ့သို့ ရေးသားသီဖွဲ့အပ်သဖြင့် ဤစပ်နည်းကို 'ကာရန်မဲ့ကဗျာ' ဟု စမ်းသပ်အမည်ပေးရခြင်းဖြစ်လေသည်။)

*ကဗျာ့ပုလဲကုံး၊ ရှုမဝတိုက် (၁၉၅၉)*

mgyoe.com

mgyoe.com

## မိုးခေါ်လက်ာတေး

အို … လျှပ်ပန်းနွယ်၊
မြခြယ်နီလာ၊ သန္တာကွန်ရက်၊
ငွေတိမ်ခက်ကို၊ သင့်လက်ရှည်လျား၊
လျှပ်နွယ်များဖြင့်၊ နဂါးကြိုးလိမ်ရစ်ပါလော့။

အို … ငှက်မိုးစွေ၊
သည်မြေသာခေါင်၊ နွေလောင်လောင်ဝယ်၊
တောတောင်ပတ်ဝိုင်း၊ နွေရိပ်မှိုင်း၍၊
သစ်ကိုင်းနွေလက်၊ စမ်းရေမျက်နှာ၊
ခန်းခြောက်ပါသော်၊ မိုးခေါ်သင့်တေး၊
ငြိမ့်ငြိမ့်အေးကို၊ ဖွဲ့တေးလင်္ကာကျူးပါလော့။

အို … မုတ်သုံ၊
ဂဠုန်တောင်ခက်၊ လေဟုန်ရွက်ဖြင့်၊
လှော်တက်ကုန်ဖွင့်၊ မုန်တိုင်းသင့်ဆွေ၊
မိတ်ဖွဲ့ချေ၍၊ သည်မြေတလွှား၊
မိုးမင်းသားကို၊ ရထားလွှင့်၍ စေပါလော့။

mgyoe.com

mgyoe.com

ထိုသမယ၊ ယင်းကာလတွင်၊
တိမ်ကရထား၊ မိုးမင်းသားနှင့်၊
စေပါးကျွန်ယုံ၊ တိမ်ဂငျွန်တောင်၊
မဲလှာမှောင်၍၊ တိမ်တောင်သော့သွမ်း၊
လေနီကြမ်းနှင့်၊ မုန်တိုင်းဆင်သော်၊
မြေပြင်တရိုး၊ မိုးလည်းစွေစွေ၊
ရေလည်းလွှမ်းလွှမ်း၊ လှိုင်းယက်ကြမ်း၍၊
မြစမ်းသီတာ၊ ရေဇလာသည်၊
လက်ာမိုးဦး ကျူးပိမ့်တကား။ ။

ရှုမဝမဂ္ဂဇင်း

mgyoe.com

mgyoe.com

# မိုးဦးဖြိုင်ဖြိုင်

မိုးဦးရယ်မှ ... ဖြိုင်ဖြိုင်လေ။ ။
ပိန်းကောလှေ၊ တက်ကစီး၊ ယိုလေးယီးအိပ်ပဲ့လော်၊
လှိုင်းဖွေးဖွေးအော်နှင့်၊ နမော်နမဲ့၊ နောက်ပဲ့မနိုင်၊
လက်မမြိုင်က၊ တက်မကိုင်,ယိမ်းယိမ်းလှုပ်လို့
လောင်း,မြုပ်တဲ့ ရာသီလေး။

ကမ်းကွေးကွေး ကုန်းမို့မို့၊ ဘဒွေးရို့ရွာတန်းရှည်၊
မိုးလေသက်မုန်တိုင်း၊ ခက်သစ်ကိုင်းရယ်နှင့်၊
ဒုန်းစိုင်းသည့် ရှင့်မုတ်သုံ၊ သွင်သွင်ရယ်မှ သုံသောခါ၊
ပြေးခုန်မြောက်မြောက်၊
ကောက်ကြတဲ့သရက်သီး၊ တပျော်ကြီး
ငယ်,ကြီး,ပျို,အို ... မကျန်လေး။

mgyoe.com

mgyoe.com
လယ်သမန်ဆည်ရိုး၊ လျံလျံလျှင်တိုးသည့်၊
ထံပိုးငွေဖြူဆွတ်ဆွတ်၊
ရေယမုံလှိုင်းကြက်ခွပ်ကြဟန်၊
လွမ်းဖန်ဖွယ်တမြည့်မြည့်
တိမ်ငွေ့,တိမ်ဟုန်,တိမ်ဂဠုန်,တိမ်နဂါး
တိမ်ရထား၊ တိမ်ပဝါပါးတို့က၊
ယားယားယှက်ဆိုင်၊ အယိုင်,အလှည့်,အနွဲ့,
အယိမ်း,အတိမ်း,အရှောင်၊
အမှောင်နှင့်အလင်း၊ လျှပ်ပြက်ပြက် ဝင်းလို့–သာချင်
သည်မှ,သာစွလေး။

သာစွလေသာပါဘိ၊ မြစ်ပြည့်ပြည့်ချောင်းအိုင်အိုင်၊
မိုးဦးစွေဖြိုင်ဖြိုင်ယွန်း၊ ရွာလေလေသွန်းပြီမို့၊
ချောင်းစွန်းက သပြေပင်၊
လေဟွေ့အငင်ဝယ်၊ လွင့်စဉ်လဲလဲ၊ တသဲသဲလှုပ်လှုပ်ကြွေ
ချောင်းရေနှင့်သပြေသီး၊ ငါးကြီးပွက် လှိုင်းထသံ၊
နရိမ့်နစည်းချက်၊
ဖျောကြီးနက်သလို၊ တေးကွက်နှင့်တံတျာ၊
ဂရက်ကွန့် လွန့်လွန့်ဖြာသည်၊
မေတ္တာရေစင် မွမ်းကြသည်နှယ်လေး။ ။
မိုးဦးရယ်မှ–ဖြိုင်ဖြိုင်လေ။ ။

*သွေးသောက်၊ ၄ူလိုင် (၁၉၅၃)*
mgyoe.com

mgyoe.com


# သက်တန့်ကော်ဇော ခင်းလေလော့

မျှော်တိုင်းရင်မော
မြက်စိမ်းတောမှ၊ ဥသြသာမြ
နွေအလှကို၊ ဂီတတင်စား
စောင်းသံကြားသော်၊ ငွေမြားမိုးစက်
တိမ်မျက်လုံးတွင်၊ မျက်ရည်မြင်သည်
သခင်လွမ်းတတ်ပါ၏လော ...။

မလွမ်းချင်ပါ ... လွမ်းချင်သာ ...
နွေမှာနွေနှင့်၊ မိုးလည်းဆင့်၍
အဖွင့်အပိတ်၊ အတိတ်လူ့ဇာတ်
အနာဂတ်လျှင်၊ ပုံပြင်ပမာ
မရေရာခဲ့၊ လက်ာရှည်လျား
လွမ်းအားပို၄န်၊ စိတ်ကျေးကျွန်တို့
ရယ်လို့သောသော၊ ငိုမောကြိမ်ကြိမ်
ကြိုးလိမ်သွယ်ကူ၊ သပွတ်အူမှ
သောကချည်မျှင်၊ သံယောဇဉ်နှောင်
အကျဉ်းထောင်ကို၊ လွတ်အောင်ရုန်းထွက်
နွေအိပ်မက်မှ၊ လွန်လျက်ထကာ
ငံ့မိပါသည်၊ မိုးပြာသက်တန့်
စိမ်းဖန့်ကော်ဇော ခင်းယောင်တကား။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.

# ငယ်မူပြန် ကြာညိုအနမ်း

ပန်းလှမွှေးဘိ
စမ်းမြအေး၏
လွမ်းရသေးမိ ငယ်နုချိန်။

ပန်းလှမမွှေး
စမ်းမြမအေး
လွမ်းတ,တေးသံ တိတ်ခဲ့သည်။

ပန်းလည်းကြွေခ
စမ်းလည်းရေကျ
လွမ်းသည်းကြွေမွှ ကွဲအက်သည်။

သြော် ... ဇရာအိုလမ်းမို့
ကဗျာချို့ရွှမ်းလို့
ကြာညိုအနမ်းတို့ မွှေးနံ့မပြယ်။ ။
(အဝေးရောက် 'မုန်း'သို့ ...)

*ရွှမဝရုပ်စုံမဂ္ဂဇင်း၊*
*စက်တင်ဘာ ၁၉၈၃*

mgyoe.com

mgyoe.com

# ရှာရင်းပျောက်သော အလင်္ကာ

အညာဆုံး ချစ်သူ
အပူဆုံး အရက်
အညက်ဆုံး ပါး
အခါးဆုံး အနမ်း
အလွမ်းဆုံး တေး
အဝေးဆုံး ပန်း
အဆန်းဆုံး ကဗျာ
အနာဆုံး ဘဝ
အလှဆုံး စိတ်ကူး
အရူးဆုံး ကာရန်
အထန်ဆုံး မုန်တိုင်း
အရိုင်းဆုံး အသည်း
အရဲဆုံး မီးလျှံ
အပျံဆုံး မိန်းကလေး
ငါ့ထံပြေးကာ
ငိုယိုလာသော်
ထိုခါ ဘာကြောင့် ငါရယ်သနည်း။ ။

ရှုမဝ (မေ၊ ၁၉၇၃ ခုနှစ်)

mgyoe.com

## အိပ်မက်ထဲ၌ အရှုံးပေးခြင်း

တစ်ညတစ်ခါ၊ သူရောက်လာ၍
မေတ္တာစကား၊ သူ့နှုတ်ဖျားမှ
မိန့်ကြားဝေဝေ၊ ပြောတတ်ချေသည်
အိပ်နေလန့်နိုး ... တတ်မြဲတည်း။

ညပေါင်းများစွာ၊ လွန်ခဲ့ပါတည့်
သူလာနိုးတိုင်း၊ စိတ်ဝေမှိုင်း၍
စေခိုင်းသမျှ၊ ကျိုးနွံရခဲ့
ညနှင့်အတူ၊ ညှို့မြူပရိယာယ်
ယုံလွယ်မှုသား၊ သူ့စကားလည်း
ရှည်လျားဝက်ပါ၊ မေတ္တာတံခါး
ဖွင့်ဖန်များသော် ...
ကိုယ့်နားစွင့်မြဲ၊ ကြွေအသည်းနှင့်
ခွေလဲကျန်ရစ်ခဲ့သည်တကား။

mgyoe.com

mgyoe.com

ယနေ့ညမူ
သူလည်းမလာ၊ မျက်နှာရိပ်စ
မမြင်ရလျှင်၊ သောကကင်းစွာ
ပန်းမွေ့ရာတွင်၊ လျောင်းကာငြိမ်သက်
အိပ်စက်နှစ်ခြိုက်၊ မှေးပျော်လိုက်ရာ
နှစ်တစ်ရာပင်၊ ကြာလေသလား
ထင်ယိုးမှားမိ၊ ငွေမြားလက်တံ
စူးပြန်လာစိုက်၊ နေရောင်ရိုက်မှ
မျဉ်းငိုက်နိုးလန့်၊ အညောင်းဆန့်ကာ
ပန်းမွေ့ရာမှ၊ လွှန့်လွှန့်ထသော်
သွေးစလူးခြယ်၊ တစ်သွယ်ကြော့ထုံး
ပုလဲကုံးကို၊ နောက်ဆုံးဖွေရှာ
တွေ့ရပါသည် ...
လက်ာအိပ်မက်ရှုံးပြီတည်း။ ။

'မိုးသောက်လက်ာပန်းကဗျာများ' မှ

mgyoe.com

mgyoe.com

## မျက်ရည်ကို အဆိပ်ခပ်သူ

ကိုယ့်ကဗျာကို ...
အခါတစ်ကုဋေ၊ ဖတ်ပါချေမှ
မျက်ရည်တစ်စက်ကျပါစေ။

အသင်ဖွင့်ထား ...
တံခါးမာယာ၊ မုန်းသဥ္စာတွင်
ငါလျှင်အိပ်မိ၊ ကျိန်စာထိခဲ့။

အသင်လှည့်စား ...
သင်တုန်းဓားထက်၊ ပျားရည်စက်ကို
လျက်မိငါ့လျှာ၊ သွေးစီးဖြာခဲ့။

အသင်ခေါ်ဆောင် ...
လမ်းမြှောင်သွယ်သွယ်၊ ကြမ္မာနွယ်တွင်
တိုးဝင်မိလတ်၊ ရစ်ရစ်ပတ်ခဲ့။

mgyoe.com

mgyoe.com

အော် ... ဘဝစက်ဝိုင်း ...
ကျောခိုင်းသင်နှင့်၊ ဝေးကြသင့်သည်
ကိုယ့်မျက်ရည်မှာ၊ ခပ်ပါအဆိပ်
အိပ်မပျော်အောင်၊ လှောင်ပါမိမိ
အဝိစိတိုင်၊ ဆုပ်ကိုင်ထားမြဲ
ကိုယ့်အသည်းကို၊ သင်ခွဲ၍မှ
အားမရလျှင် ...၊
ဘဝဆက်တိုင်း အနိုင်ယူလော့။ ။

*'မိုးသောက်လက်ာပန်းကဗျာများ'* မှ

mgyoe.com

mgyoe.com

# ညပေါင်းများစွာ လွန်ပြီးမှ

ချစ်သူ့မျက်လုံး
ကြယ်ပွင့်ကုံးတည့်။

ချစ်သူ့ပါးမို့
နှင်းဆီမြို့တည့်။

ချစ်သူ့နှုတ်ခမ်း
ချယ်ရီလမ်းတည့်။

ချစ်သူ့လည်တိုင်
စံပယ်ခိုင်တည့်။

ချစ်သူ့၏လက်
ရွှေကွန်ရက်တည့်။

ချစ်သူ့ခါးသွယ်
ဂမုန်းနွယ်တည့်။

သို့သော်တစ်မူ
ချစ်သူစိတ်ထား၊ နှလုံးသားသည်
စိန်သွားထက်မာ၊ ဆတစ်ရာလျှင်
မာယာပင်များ၊ ရစ်နွယ်ထား၍
မုန်း ခါးခါးသီး၊ ဘီလူးစီးသည်
ချစ်ပြီးသော်မှ ... သိနှောင်းစွ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# ပုရစ်ကသစ်နှင့် ကဗျာဆရာအဖြစ်

ပုရစ်ဝေဝေဝါဝါဖူး
ရွှေ ... ရွှေ ... ဆွေသက်လျာဦး
ကြူဆွတ်ပျံ့ပျံ့လှိုင်
ကြိုင်ကြိုင်တည့် တသင်းသင်း
ယမင်းတို့ရမ္မက်
တသက်သက် ... မွှေးမွှေးလွင်။

ကသစ်ရွှေရွှေလွှာလွှာမှုး
ကြွေ ... ကြွေ ... မြေထက်မှာလူး
နူးညွတ်ညှာညှာရွှေ
ဖွေဖွေတည့်မသင်း ... မသင်း
ယမင်းတို့မမက်
အိပ်စက်စက် ... မှေးမှေးပင်။

mgyoe.com

mgyoe.com

ပုရစ်နှင့်ကသစ်
သနစ်လှန်လျော၊ သဘောနှစ်လီ
နေမှီဝေလှဲ့၊ ကြွေတယ့်ရှင့်
ကျော်ခဲ့သတင်း၊ မွှေးသင်းသင်းလည်း
ခြေနင်းကြွေမွှ၊ တသသလျှင်
လှသည့်ပုရစ်၊ ကသစ်မဝေ
ကြွေ ... သာ ... ကြွေ ...
မြေမှာမြေနှင့်အနှံ့တကား။

အော် ... ပုရစ်ဝေဝေဝါဝါဖူး
ရွှေ ... ရွှေ ... ဆွေသက်လျာဦး
ကသစ်ရွှေရွှေလွှာလွှာမှုး
ကြွေ ... ကြွေ ... မြေထက်မှာလူး။ ။

*'မိုးသောက်လက်ံ့ဗန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# လွမ်းည ဇာတ်သိမ်း

ရွှေလိပ်ပြာ ဝတ်မှုန်မြူး
ပွင့်ငုံကူးလို့ မျိုးဆက်သွယ်
လရောင်ရိပ်ကွယ်။

ပိတုန်းနက် သဝန်ကြောင်
ဒေါသနှောင် ရန်ဖွဲ့ငြိုး
ထိုးတုပ်ရန် ရှယ်။

ပန်းနှမ ထိပ်ထားရယ်
စိတ်အားငယ်လို့ ဟိုသည်ယိမ်း။

ပိတုန်းမောင် သူ့စိတ်ကောက်လို့
ဝေးရောက်အောင် ပျံ့ရှာလေမှ
ပန်းရိုက်ကာ လိပ်ပြာချော့ရတယ်
(ကွယ်) လွမ်းည ဇာတ်သိမ်း။ ။

ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ဇူလိုင် ၁၉၈၆

mgyoe.com

mgyoe.com

## မသေစေသော မေတ္တာ

ဧဒင်ဥယျာဉ်ထဲက
ပထမဆုံးမေတ္တာတစ်မျက်နှာကို လှန်လိုက်ရင်း
ဧဝနဲ့အာဒံတို့နှစ်ဦးဟာ
ကျိန်စာသစ်သီးနဲ့ မြွေဆိုးတို့ရဲ့
အခြိမ်းခြောက်ခံခဲ့ရတာကို
သဲလွန်စ တွေ့ပါလိမ့်မယ်။

အေး ... လေ၊ ဟုတ်ပါတယ်
အသွင်အမျိုးမျိုးဆောင်နေတဲ့
အမုန်းလူကြမ်းတွေဟာ
အချစ်မင်းသမီးနဲ့ မင်းသားကလေးတွေကို
အကြိမ်ကြိမ်သတ်ဖြတ်ခဲ့ပေမယ့်
သူကို့ဟာ ဘယ်တော့မှ မသေခဲ့ကြဘဲ
ဒီနေ့အထိ အသက်ရှင်နေကြတာဟာ
မေတ္တာရဲ့ ကြီးမားတဲ့အောင်ပွဲမဟုတ်လား။ ။

ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ဩဂုတ် ၁၉၈၇

mgyoe.com

mgyoe.com

# ရာသီ

အတိုင်းအတာမရှိ
ကျယ်ဝန်းဘိရာ၊ အာကာသတစ်ခွင်
ကောင်းကင်ရထား၊ နေသွားလမ်းကြောင်း
တိမ်းစောင်းလှည့်ပတ်၊ သတ်မှတ်ခဲ့လေ
ခွဲဝေဆယ့်နှစ်ရာသီ၊ ဒီဂရီသုံးဆယ်
အဝန်းနယ်မှာ၊ တစ်ရာသီယူ
စံနမူထား၊ ပိုင်းခြားဖွဲ့ကုံး
နှစ်လုံးတစ်ပတ်၊ ရာသီမှတ်လေ
နက္ခတ်နှစ်ဆယ့်ခုနစ်လုံး၊ သုံးရာ့ခြောက်ဆယ်ဒီဂရီ
တစ်ရာသီမှာ၊ နှစ်နာရီကြာ
အံ့သာသုံးဆယ်၊ သိမှတ်ဖွယ်သည်
မှတ်လွယ်သိမ်းဆည်း 'ရာသီ' တည်း။ ။

ရွှေမဝရုပ်စုံမဂ္ဂဇင်း၊ မတ် ၁၉၈၇

mgyoe.com

mgyoe.com

# အနမ်းပါသော ထမင်းပွဲ

တစ်နေ့လုံးလျှင်
ပိုက်ငင်,ကွန်ချ၊ ငါးမရ၍
ထိုညပူပန်၊ အိမ်သို့ပြန်သော်
ဖန်ခါးသီးနှင့်၊ သခွတ်ပွင့်ညို
ငါးပိကျိုလျက်၊ ဖားပျိုပေါင်သား
ဆီ,ဆားနှင့်ပြင်၊ မီးကင်တစ်မြှုက်
မြင်ရလိုက်သော်
ပိုက်ကွန်ပစ်ချ၊ ပေါ့ပါးစွလျှင်
အစ်မ အိမ်သူ၊ ပါးဖြူဖြူကို
ဟင်းပူနွေးနွေး၊ ဝဝလွေးသို့
မွှေးမွှေးကြူကြူ နမ်းနမ်းမြိန်မြိန်တည်း။

*တက္ကသိုလ်ဝင်းမွန်၏*
*'ဒေါင်းနွယ်ဆွေ၏ကဗျာလေ့လာချက်'မှ*

mgyoe.com

mgyoe.com

# အရှင့်ခြေအောက် ဦးခိုက်ရောက်လည်း

အရှင့်ခြေကို
မျက်ရည်နှင့်လူး၊ နဖူးနှင့်တိုက်
ငါဦးခိုက်လည်း၊ မထိုက်မတန်
မျက်မာန်တော်ရှ၊ ငါ့ဆံစကို
ခြေချုပြန့်ခင်း၊ ခြေဖြင့်နင်းသော်
ရင်တွင်းမေတ္တာ၊ ငါ့လက်ာသည်
ကျိန်စာမဖြစ်သင့်ပါလော။ ။

'လောကမျက်ကန်းကဗျာများ' မှ

mgyoe.com

mgyoe.com

## မုန်းစကား ယုံတမ်း

နှစ်ယောက်သူသာ၊ သိကြပါတည့်
ကမ္ဘာရွှေ့ဆုံး၊ စက်ကုံးမိုးကုပ်
စုံးစုံးမြုပ်အောင်၊ မှောင်လည်းမည်းစေ
မခွဲဝေတတ်၊ သည်းကြွေပြတ်နွမ်း
ယုံတမ်းပုံပြင်၊ မုန်းချည်မျှင်ဝယ်
ရန်းငင်ထွက်ပြေး၊ ခရီးဝေးကြ
ကြယ်စဖြောက်ဖြောက်၊ တစ်မိုးသောက်မှ
တစ်ယောက်ထီးထီး၊ စီးမြမျက်ရည်
စမ်းတစွေဖြင့်၊ ကျွမ်းကြွေကြေကွဲ
ကိုယ့်အသည်းမှာ ...
မီးခဲမီးလျှံ တောက်ချေပြီ။

သြော် ... မုန်းစကားယုံတမ်း၊ ဖြေနိုင်စွမ်းဘိ
သူမသိလည်း၊ ဆူသည့်နှလုံး
မြမျက်ကုံးမှ၊ ရွှဲလုံးယိုဖိတ်
ပုလဲမြိတ်တို့၊ ဝိုင်းဝိုင်းစို့ခဲ့
အလှည့်ကောင်းသူ၊ ခွင့်ကောင်းယူတတ်
မုန်းကြိုးပြတ်အောင်၊ ကိုယ်လွတ်ရှောင်ပြေး
ဟို အဝေးမှ၊ ဆိုရေးကျိန်စာ
ရပ်သင့်ပါပြီ ...၊

mgyoe.com

ကိုယ့်မှကြေကွဲ၊ မြတ်နိုးဆဲနှင့်
လမ်းခွဲနှစ်ခု၊ ဆုံးဖြတ်မှုတွင်
ကျောက်ထုရုပ်သွင်၊ ဝိညာဉ်လွင့်ကြွေ
ရှင်လျက်သေရ၊ ဖျားနမလေး
မုန်းတေးဆူညံ၊ သောင်းသောင်းလျှံကို
စောင်းသံထင်မှတ်၊ သည်းခံတတ်စေ
ကဝေမကလေး၊ ပြုစားဆေးချက်
ကုရေးခက်ကို၊ တစ်သက်တာလုံး
လွမ်းအရှုံးဖြင့်
ပန်းကုံးသီ၍ ဆက်ပါမည်။ ။

*'မိုးသောက်လက်ဝပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com


# မျဉ်းနှစ်ကြောင်း ဗီလာဝေး

တိမ်ကိုတိမ်နှင့်
စေသဖြင့်လည်း
သခင့်စကား ... မကြားရပြီ။

လေကိုလေနှင့်
စေသဖြင့်လည်း
သဇင့်စကား ... မကြားရပြီ။

တိမ်ကိုလေနှင့်
စေသဖြင့်လည်း
တစ်ဆင့်စကား ... မကြားရပြီ။

အော် ... တိမ်ကတစ်လမ်း၊ လေတစ်လမ်းတည့်
ကြမ်းတမ်းကောင်းကင်၊ ကျောကုံးပြင်ဝယ်
ဖိတင်လေးလံ၊ ရှိုက်သံမျှင်ချည်
ရိပ်ခြည်နွယ်ပြက်၊ ကြားနိုးခက်ခဲ
တိမ်ယက်ဇာတန်း၊ လေမျက်ကန်းဝယ်
စခန်းမတွေ့၊ လွမ်းသရွေ့ဖြင့်
ကျွမ်းကြွေလွင့်ပါး၊ ခရီးလျားခဲ့
အသွားအပြန်၊ စုန်ဆန်တက်ဆင်း
အလင်းလက်လက်၊ မှောင်နက်နက်လျှင်
ကြင်ခက်ဖွေရာ၊ မိုးလဟာဝယ်
လိပ်ပြာမောနွမ်း၊ ရှာတိုင်းပန်းသည်
နှစ်လမ်းမျဉ်းကြောင်း ဗီလာဝေးဝေးတကား။ ။

*'မိုးသောက်လက်ဘပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com


## သခင်မ စံအိမ်သို့

တိမ်ရွက်ညိုဖွင့်ကာပ
အိပ်မက်လို လွင့်ပါလို့
သခင့်တစ်ပါး တစွင့်ကြားအောင်
တစ်ဆင့်စကား ကဗျာစီလို့
လွှာသီဂီ သစ်ရွက်ကလေးမှာ
ရေးခဲ့ရ လွမ်းလင်္ကာ ...။

သစ်ရွက်ကလေး ထိုလင်္ကာ
အနှစ်တစ်ရာကြာတဲ့ခရီးမှာ
မြစ်အဖြာဖြာ စမ်းရေကွေ့ဝယ်
ဝေ့လယ်လယ် ဝေ့လယ်လယ်
ရွေ့ရွေ့စီးပါလို့
နီးသလိုပ ... ဝေးသလို
မှောင်မည်းညိုညိုလျှပ်ဝါပြက်လေတော့
သွေးပျက်ခဲ့သူ့မျက်နှာ ...။

mgyoe.com

mgyoe.com


သခင်မ သူ့စံအိမ် ...
မြင်ရပြီ မီးထိန်ထိန်နှင့်
နွမ်းမှိန်မှိန် လွမ်းချိန်သင့်ပါပေါ့
အခွင့်တစ်ခါသာလေပြီထင့်
တစ်ဆင့်သခင် သဝဏ်စေသည့်
လက်ဆောင်ဆွေ သစ်ရွက်ကလေးမှာ
ပြတင်းလွှာသို့အရောက်ချည်း ...။

ရော ... ထိုစဉ်အခါ
ညိုမှုင်ပြာညို့ညို့ညီးပါလို့
လက်သီးဂဠုန်တောင်နှင့်
မုန်တိုင်းမောင် သူလာငေ့လေတော့
ခန္ဓာကြွေ ... ရွက်ဝါဆွေလက်ဆောင်လေးမှာ
ထွေးနှမသခင်နှင့် မနီး
အော် ... ဆွေးတလျှဖြင့် ဝေးခဲ့ရပါသတည်း။ ။

*'မိုးသောက်လက်ဆောင်ပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# နွေနှင်းအိမ်သို့ အပြန်

တောင်ခိုးဝေ၍
စမ်းရေစီးဆင်း၊ လွမ်းသီချင်းရှည်
စောင်းညှင်းမြည်ကာ
နေခြည်မြားလက်
တိမ်ကွန်ရက်မှ၊ သစ်နက်ဂနိုင်
ပန်းမြိုင်လက်ကြား၊ တိုးဝင်သွားသည်
ကိုယ်စားလွမ်းဟန်
ဝသန်နှောင်းစ ကာလတည်း။

ဝသန်နှောင်း၍
လမ်းဟောင်းပျောက်ကာ
လမ်းသစ်ရှာသော
ဥသြဆွေလျာ၊ အသိုက်ခွာ၍
ပျံပါလေလေ၊ မိုးရေကုန်ခန်း
စိမ့်စမ်းကွေ့ရစ်၊ ပုလဲမြစ်မှ
ပုရစ်တွန့်သွယ်၊ မြကြိုးနွယ်ဆိုင်း
ငုဝါကိုင်းတွင်၊ မုန်တိုင်းသူဖျက်
မိုးရေစက်ဖျန်း၊ ရေညှိသန်းသည့်
နွေနှင်းစံရာ၊ ပြန်ရောက်လာခဲ့
နီလာကော်ဇော၊ မြက်စိမ်းတောမှ
သာမောပျော်ရွှင်၊ သိုက်အိမ်ဝင်သော်
နွေမျှော်ပုရစ်၊ လှေကားထစ်မှ
အချစ်လာလမ်းကြိုနေတကား။ ။

*'မိုးသောက်လက်ဝှပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

## မီးပုံးပြာပြာ မောင်မလာ

စိကာရိကာ၊ ဝရန်တာမှ
မီးပြာကြယ်အိမ်၊ လေမငြိမ်သော်
စိုးရိမ်ခင့်လက်၊ ဖယောင်းစက်ထိ
ပူလောင်ဘိလည်း၊ ဖိကာငြိမ်းသတ်
ကြိုးတန်းပြတ်သည် ...
လွမ်းဓာတ်ထင်ရေးပေါ်ယောင်တကား။

ဟို ... တစ်နှစ်က
ပျို့ချစ်တဲ့မောင် ...၊
သန်းခေါင်ချိန်းချက်၊ ညဉ့်နက်နက်မှာ
သူလာလေမလား၊ စကားယုံကြည်
မတည်ကာတိ၊ ယွင်းလေဘိ၍
ထွန်းညှိမီးပုံး၊ တစ်ညလုံးလျှင်
ခွေနုံးနွမ်းကာ၊ ဝရန်တာတွင်
ရှက်ကာငိုခဲ့ရာရှင့်။

mgyoe.com

mgyoe.com

အော် ... မနေ့တုန်းက၊ ဖိတ်စာရခဲ့
သည်ညဆိုလျှင်၊ တစ်နှစ်ပင်တည့်
စေ့စေ့ပြည့်၍၊ ချစ်သည့်မေ့မောင်
ဤသန်းခေါင်မှာ၊ မင်္ဂလာည
လှပနှုတ်ခမ်း၊ ငွေလခြမ်းတွင်
အနမ်းမုန်တိုင်းဆင်ရော့မည်။

အို ... မီးပုံးပြာပြာ၊ ယိမ်းနွဲ့ကာလျှင်
လေမှာမငြိမ်၊ လင်းချည်မှိန်သော်
စိုးရိမ်ခင့်လက်၊ ဖယောင်းစက်ထိ
ပူလောင်ဘိလည်း၊ ဖိကာငြိမ်းသတ်
ကြိုးတန်းပြတ်သည်
လွမ်းဇာတ်ထင်ရေးပေါ်ယောင်တကား။ ။

*'မိုးသောက်လက်ဘဝပန်းကဗျာများ' မှ*

mgyoe.com

mgyoe.c

# အလှတစ်ပါး ဘဝတခြား

သူ့သတင်းလျှင်
မွှေးသင်းပျံ့ကျော် ကံ့ကော်တည်း။

သူ့အလှလျှင်
ရွှန်းမြထိန်လင်း လမင်းတည်း။

သူ့အရိပ်လျှင်
တိမ်လိပ်တိမ်စွယ် လျှပ်နွယ်တည်း။

သူ့အသံလျှင်
ညဉ့်ယံစိုးမိုး စောင်းကြိုးတည်း။

သူ့စကားလျှင်
ပျားရည်သွန်းလောင်း စမ်းချောင်းတည်း။

သူ့ဟန်မူလျှင်
နှင်းဖြူမိုးအိမ် ငွေတိမ်တည်း။

သူ့စိတ်ကူးလျှင်
ပန်းဖူးညွန့်သစ် ပုရစ်တည်း။

mgyoe.com

mgyoe.com


သို့သော် သူ့မှာ
လင်္ကာမတတ်၊ မဖတ်ကဗျာ
ပန်းသဥ္ဇာထက်၊ လျှောင်းခွေစက်ရင်း
အိပ်မက်ပိုးမျှင်၊ တိုးဝင်ပြေးလွှား
ဆံဖားလျားဖြင့်၊ ချိန်များကုန်လွန်
လွမ်းကျေးကျွန်ဖြစ်၊ ချစ်ဈေးဆစ်ကာ
ခန္ဓာအိုမင်း၊ အလှယွင်းလျက်
မျက်တွင်းချိုင့်ဟောက်၊ ငယ်ရုပ်ပျောက်၍
တွန့်ခေါက်ပါးရေ၊ ဆံသွားကြွေသော်
အမွေတစ်ခု၊ မပြုရသေး
သင့်ရှေ့ရေးကို
ရင်လေးပါဘိသနဲ့ မိမိငဲ့။ ။

*'မိုးသောက်လင်္ကာပန်းကဗျာများ'* မှ

mgyoe.com

mgyoe.com 

## ကြိုးမဲ့တယောနှင့် အသည်းမရှိသော တေးသမား

ကြိုးမရှိသော
တယောအိုမှ၊ တေးဂီတသည်
ညတွင်ရှိုက်သံ၊ တောင်နံရံမှ
ကျောက်တုံးကျသို့၊ ဘဝနှင့်ဝေး
အဆွေးလိုလို၊ တေးသံချိုလည်း
ဘာကိုရည်ရွယ်၊ တွေးမလွယ်ခဲ့
တကယ်ကြိုးများ၊ တပ်ဆင်ထားလည်း
တေးသွားပျက်ယွင်း၊ စည်းဝါးကင်းသည်
ရင်တွင်းမနာ၊ မီးခိုးပမာ လွင့်လျက်တကား။

စိတ်၏မီးခိုး၊ တယောကြိုးတု
ဖန်ဆင်းမှုဖြင့်၊ တေးပြုစီရင်
မြေပြင်နှင့်မိုး၊ ကြိုးတစ်စစီ
သွယ်သီထုံးရစ်၊ တေးမဖြစ်နိုင်
စိုးပိုင်မှုကင်း၊ ရင်တွင်းအသည်းအိမ်

mgyoe.com

စမ်းရေတိမ်ကို၊ ကြိမ်ကြိမ်ဖန်ဖန်
လှုပ်ပြန်မွှေနှောက်၊ ခန်းသွေ့ခြောက်ခဲ့
တစ်ယောက်တည်းသာ၊ သင့်ကမ္ဘာဝယ်
ဘာမျှမရှိ၊ ကြိုးညှိနေဆဲ
မျက်လုံးထဲမှ၊ ပုလဲစက်ယို
သည်းပျက်ငိုရှိုက်၊ အမှောင်မိုက်တွင်
မျှဉ်းငိုက်အိပ်ပျော်၊ နေဝန်းပေါ်လည်း
နှိုးသော်မထ၊ အိပ်မောကျသည်
ဂီတဝိညာဉ်ကင်းလျက်တကား။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

# ကရုဏာနှင့် ဥပေက္ခာ

ပန်းဝတ်လွှာကြွေ
မြစမ်းရေငိုရှိုက်။

ခံစားချက်မတူ
ပိုးဘောက်ရူ ကိုလူမိုက်
ရယ်မောဟားတိုက်။ ။

*'မိုးသောက်လက်ဝါပန်းကဗျာများ'* မှ

mgyoe.com

mgyoe.com

# ဗျာပါကျွန်ငယ်

တိမ်ခရငယ် ...၊
ပင်လယ်ကောင်းကင်၊ မိုးအပြင်မှာ
သင်တစ်ယောက်သာ၊ ဖော်မပါလျှင်
ချိပ်ပြာရည်သန်း၊ လျှပ်ပန်းလျှပ်ခက်
ပြက်ပြက်ပြာပြာ၊ သန္တာနွယ်ကွန့်
မိုးရင်ညွန့်ဝယ် ...၊
လူးလွန့်ငိုရှိုက်နေသလော။ ။

အားငယ်လှစွာ၊ သင့်မျက်နှာကို
ငုံ့ရာမှမော့၊ ကြည့်လေလော့၊
ညိုးလျော့နွမ်းကြေ၊ မျက်ရည်နှင့်တေး
လွမ်းဆွေးသချာ၊ သတ္တဝါကား
တိမ်ပြာရောင်စုံ၊ ပုလဲဘုံနန်း
ရက်ကန်းပိုးမျှင်၊ ပမာပင်တည့်
ငိုလျှင်သော်က၊ တစ်ခဏလျှင်
ဘဝဆိုတာ၊ ဘယ်ဟာလေလဲ
ဝေခွဲပိုင်းဆစ်၊ ဓာတ်မြစ်ဖွေရှာ
မသိပါတည့်၊ ဗျာပါကျွန်မျိုး
လောက်နှင့်ပိုးတည့်၊ လူမျိုးဆက်ပြောင်း
ကာလနှောင်းသော်၊ အဟောင်းသစ်မြဲ
သင့်အသည်းသည်
ငရဲအိပ်မက်ခန်းသာတကား။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

## အသည်းလွှာ မီးပုံးကလေး

ချစ်သူစကားထာ
ရိပ်မိပါပြီ
ညခါချိန်းချက် ... တိုင်ပြီတည်း။

နေမဝင်မီ
ရွှေမျှင်ခြည်တန်း၊ မီးပန်းမီးအိမ်
နွယ်အလိမ်ကို၊ အငြိမ်မနေ
စွေစွေလျောင်းလျောင်း၊ တစောင်းချိတ်လိုက်
မကြိုက်သေးဘူး ...၊ ကြယ်ဖူးသဏ္ဍာန်
တစ်မျိုးပြန်ပြင်၊ မောချင်ချင် ...
ရွှေရင်တုန်လှပါဘိလေး။

သီတင်းကျွတ်လျှင်၊ ခန်းဝင်ပစ္စည်း
ရှေးနည်းမယွင်း၊ ကတိနှင်း၍
ချစ်ခြင်းဓမ္မတာ၊ စကားထာသို့ဝှက်
ချိန်းချက်မောင်လာ၊ မျှော်မျှော်ကာ ...
ပေါ်ပေါက်လာခဲပါဘိလေး။

ဟော ... မောင်လာပြီ
ရွှေနီပုဆိုး၊ ငွေချည်ကြိုးရက်
ပြိုးပြက်မီးရောင်၊ လသာဆောင်နား

mgyoe.com

mgyoe.com

လမ်းသလားနေ၊ ပြုံးပန်းဝေစဉ်
သိစေစကားထာ၊ မောင်ဗုက်ရာကို
ဝမ်းသာရင်ခုန်၊ လက်တုန်တုန်ဖြင့်
အသည်းပုံကိုင်းကွေး၊ မီးပုံးလေးကို
ခြယ်ရွေးချိတ်တင်၊ ထွန်းညှိဆင်
ကြယ်စင်သောက်ရှူးမည်လေး။

သည်အခါဝယ်၊ နီလာခက်ကုံး
မောင့်မျက်လုံးတို့၊ ပြုံးမင်ညို့ခြယ်
ဝိုင်းဝိုင်းလည်ညို၊ ရုတ်ခြည်းအိုခဲ့
အလို ... ကြည့်စမ်း၊
လေသရမ်းကြောင့်၊ တောက်ကျွမ်းမီးပုံး
ဟုန်းဟုန်းထလောင်၊ လသာဆောင်တွင်
သန်းခေါင်ယံထိ၊ မောင်မသိအောင်
ငိုမိရှိုက်ရှိုက်၊ နှလုံးခိုက်သည်
မီးမြိုက်ချစ်သည်းဆူဆူတကား။ ။

'မိုးသောက်လက်ာပန်းကဗျာများ' မှ

mgyoe.com

mgyoe.com

## နွေဦးသခင်မကလေး

မြူငွေ့ပြယ်၍ ...
နွယ်ဝါနှင်းခက်၊ ဆောင်းအိပ်မက်မို့
ရမ္မက်ကျေးကျွန်၊ မလွန်ဆန်ဝံ့
ငုံသောလက်ဖြင့်၊ နှင်းပွင့်ကိုဖမ်း
ရှက်ရွံ့အမ်းမိ၊ အလှမ်းဝေးကွာ
တစ်နေရာမှ၊ ကြာကုမုဒ်ပန်း
မြရည်လန်းစွင့်၊ ရေချင့်ချင့်ဝယ်
ဝေပွင့်ဖူးဖူး ခိုင်လိမ့်မည်။

ဝေတစ်ဖူးမို့၊ မခူးရက်နိုင်
မကိုင်ရက်သေး၊ ငုံ့ငိုင်ငေးမိ
ငုံလွေးလွလွ၊ ဝတ်ရည်လှစံ
မြဝတ်တံနှင့်၊ ဝတ်ဆံတွယ်စို့
ခြယ်ယို့ယို့မျှ၊ ညို့ကွန်ယက်ဆင်
လှိုင်းရေပြင်မှ၊ သခင် ... သခင်
ခေါ်သည်ပင်လား၊ ထင်ယိုးမှားမိ
ပြုံးအကြည့်ဝယ်၊ တို့လှယ်ရေစင်
တစ်ယောက်သျှင်က၊ ကျောပြင်ဖိနှိပ်မျှ
ယိုစိမ့်ကျအောင်၊ သွန်းဆွတ်ယောင်ကို
ယခေါင်နွဲ့နွဲ့ ယိမ်းညွတ်ကြည်။

mgyoe.com

mgyoe.com

အော် ... ကြာပွင့်အတွေး၊ မဆုံးသေးခင်
အေးမြရေစက်၊ ဆွတ်နှံ့ပက်လှာ
ပျူငှာငှာတည့်၊ မကြာတော့ပြီ
မိန်မှိမှိဝယ်၊ သီဂီကျေးမင်း
ဥသြချင်း ...က၊ သတင်းကြေညာ
သူရောက်လာမည်
ရွက်ဝါ ... ပြေး ... လိုက်၊ ဝှေ့ဝှေ့ပို့က်၍
နွမ်းဟိုက်ပြီလော၊ သို့စဉ်သောဝယ်
ဆောင်းမောမိန့်မူး၊ ဝိညာဉ်ကူးမည့်
နွေဦးသခင်မကလေး ...။
လာမည့်ရေးကို၊ ကြိုတွေးလင့်လင့်
သဲထင့်ထင့်မျှ၊ လက်ဆင့်ကမ်းဆက်
မျှော်ရက်စောင့်စောင့်ငံ့မဆည်။ ။

'မိုးသောက်လက်ပန်းကဗျာများ' မှ

mgyoe.com

mgyoe.com

## မုန်းပန်းပမာ အသည်းပြာပြာ

သူ့အသည်းကို ...
ဒန်းလွှဲ၍စီး၊ ရင်းနှီးစေချင်
ညတွင်ကြယ်စုံ၊ တိမ်ကြေးမုံကို
ခုံမင်တပ်မက်၊ တင်စားခက်သို့
သိလျက်နှင့်ပင်၊ လွမ်းမျှင်မျှင်တည့်။

သံဇင်ပေါ်တုန်း၊ တစ်တောလုံးက
ဂမုန်းမြိုင်မြိုင်၊ ညှာခိုင်ခိုင်ကို
ဆုပ်ကိုင်ခြွေမွ၊ လွင့်ပစ်ချင်။

အော် ... ကြယ်ကိုအိမ်ဆောက်၊ တိမ်ကိုဖောက်၍
တစ်ယောက်သူ့တွက်၊ အိပ်မက်ရှည်လျား
ပန်းရထားပေါ်၊ စက်မပျော်နိုင်
ညဉ့်ကျော်သန်းခေါင်၊ မျက်လုံးကြောင်ခဲ့
အမှောင်ထဲမှ၊ တုပြိုင်ကြသည့်

mgyoe.com

mgyoe.com

တိမ်စတိမ်လိပ်၊ မဲချိပ်ချိပ်တို့
အရိပ်ပမာ၊ ငါ့နောက်မှာပင်
ငိုပါသတည်း၊ အရှက်နည်းမို့
လူလည်းမတန်၊ လူမဆန်ကြ
ကာရန်သေးသေး၊ ကလေးကလား
အငြင်းပွားစဉ် ...
တံခါးပိတ်၍ ပြန်ခဲ့သည်။
ခွင့်လွှတ်သည်းခံ၊ ကျောက်နံရံများ
ကျိုးပဲ့သွားခဲ့၊ ကိုယ်စားရိပ်ငြိမ်
မတင်းတိမ်မီ၊ ကြယ်အိမ်လည်းပျက်
တိမ်လည်းအက်၍၊ ချစ်လျက်မျက်ကန်း
လှည့်စားခန်းဝယ်၊ မုန်းပန်းပမာ
ပြာပြာအသည်း၊ ရဲရဲမနီ
သိခဲ့ပြီတည့်၊ သင်္ဂြိုဟ်မြေ
စိမ်းစိမ်းစွေးသည့်၊ လမ်းကလေးမြှောင်မြှောင်
ကျောက်တောင်ပိတ်ဆို့၊ မှိုင်းတည်ို့မှာ
ဆိုင်းဆို့ကြေကွဲ၊ လမ်းချင်းလွဲ၍
ဝဲသည့်မျက်ရည်၊ ဝိုင်းဝိုင်းဝေစဉ်
ပန်းဆွေလိပ်ပြာ၊ ပျံလှာလှောင်သွား
ရယ်သံများသည်
အား ... ချောက်ချားညဥ့်ယံသောင်းသောင်းတည်း။

*'မိုးသောက်လက်ာပန်းကဗျာများ'* မှ

mgyoe.com

mgyoe.com

# တစ်ပွင့်နှင့် တစ်ပင်

တစ်ညနေတွင်
ရွှေမင်ဆည်းဆာ၊ ရဲရဲဖြာသည့်
တိမ်ပြာပန်းပြောက်၊ သစ်ရိပ်အောက်တွင်
လမ်းလျှောက်ထွက်ခဲ့ပါသတည်း။

ယင်းသို့လမ်းလျှောက်၊ တောစပ်ရောက်သော်
မြက်ခြောက်ထူပြော၊ အင်တိုင်းတောမှ
လှနှောင်ဆင့်၊ ပန်းတစ်ပွင့်သည်
လှမ်းလင့်ရှူးဆွတ်ချင်ဖွယ်တည်း။

တစ်ပွင့်သာရှူး၊ မိုးသောက်ကူးလျှင်
ကြွေစင်ခြောက်သွေ့၊ နွမ်းနွမ်းမြေ့လိမ့်
တွေးသိမ့်ရင်တွင်း၊ ရမ္မက်ပြင်းကာ
ပင်ရင်းမြေမှ၊ အမြစ်ကြွအောင်
လှုပ်ဆွကိုင်နှဲ့၊ နုတ်ယူခဲ့သည်
အိုကွဲ့ ... တစ်ပင်လုံးကိုတည်း။
အိမ်သို့ရောက်သော်
မြေပေါက်တူရှင်း၊ ပေါင်းမြက်ရှင်း၍
မြေတွင်းငယ်မှာ၊ မြေစာဖို့ဖို့
ရေစို့စို့လောင်း၊ မြေဟောင်းကိုဖယ်
မြေသစ်တွယ်သည် ...၊
ငါ့ဝယ်ကြည်နူး မဆုံးတည်း။

mgyoe.com

mgyoe.com

တစ်မိုးသောက်သော် ...၊
ညှိုးခြောက်ပန်းပွင့်၊ ရင်နင့်စရာ
မြင်ရပါတည့်၊ ပွင့်လာလေနိုး
မြေသစ်ပျိုးလည်း၊ ညှိုးလျော်ကိုင်းခက်
လှသွေးပျက်၍၊ နွမ်းလျက်မြေ့မြေ့
ချောက်သွေ့သည့်ပန်း၊ ပြန်မလန်းလာ
ရင်းအခါမှ၊ လိပ်ပြာပျံခုန်
စိတ်အဟုန်တွင် ...၊
ရင်တုန်လှပ်လှပ် မောမောတည်း။ ။

*'မိုးသောက်လက်ဝါပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

## နွာညို့သျှင့် ဆောင်းအိပ်မက်

နွာညိုသင်းစ၊ နှင်းမြမြလျှင်
ဆောင်းလသရဖူ၊ သီတဂူငွေအိမ်
ထွန်းညှိချိန်ဝယ်၊ တိမ်မြူတိမ်ခွေ
ချမ်းချမ်းစွေက၊ ရွက်ကြွေသောသော
လေနှင့်ရောရာ၊ ငြိမ့်ငြိမ့်ပါ၍
ဝါဝါသိင်္ဂီ၊ ဆင်းညီရွှေရေး
ပြန့်လွင့်ပြေးကြ၊ ကျေးမြစည်စည်
ဆောင်းဥဒည်စွန်း၊ မြိုင်ယွန်းယွန်းဝယ်
အော် ... ဖြိုင်သွန်းနှင်းမှုန်ဝေလေပြီ။ ။

သည်အခါဆို
နွာညိုနှင်းလူး၊ သင်းဖူးညွတ်ခိုင်
ဆွတ်မနိုင်တို့၊ ဝှမ်းမြိုင်ပြည့်နှံ့
ရှိုင်းပျံ့ချပ်ပြေ၊ အိပ်မက်ဖွေလိမ့်
မရေမရာ၊ လွမ်းဗျာမီးဝှန်
နွေလွန်မိုးကူး၊ မိန့်မိန့်မူးစဉ်
ဆောင်းဦးတမန်၊ မြောက်ပြန်သုတ်ညှင်း
သူ့သတင်းလည်း၊ နှင်းနှင့်အတူ
ဆောင်လှာယူဆက်၊ တစ်ခဲနက်လျှင်
အိပ်မက်လန့်နိုး၊ နှင်းမြူကြိုးဝယ်
လှုပ်တိုးရှန်းကန်မိသတည်း။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

## မုန်တိုင်းနှင့် အိပ်ပျော်နေသော ပန်း

မုန်တိုင်းတိုက်သော် ...
လျောင်းငိုက်ဝပ်စင်း ... ရမြဲတည်း။

ပန်းပွင့်အိပ်ပျော်၊
နှိုးသော်မရ၊ သူမထတည့်
ညကမုန်တိုင်း၊ သူအိပ်ခိုင်း၍
ပန်းတိုင်းငုံကာ၊ မပွင့်ရှာဟု
ငါ့မှာကြေကွဲ၊ ဝမ်းပန်းနည်းစဉ်
ရဲရဲနီဖြာ၊ အရဏ်လာ၍
တိမ်ပြာကိုဖောက်၊ တစ်မိုးသောက်မှ
နှင်းသောက်ဆွတ်လူး၊ ပန်းဖူးဖူးလျှင်
လူးလဲ၍ထ၊ ပွင့်လှာကြသည်
ရွှန်းမြငုံလှစ် ... သစ်သစ်တကား။

ရောင်နီလာသော် ...
ပွင့်အာသစ်ဆန်း ... ရမြဲတည်း။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# စောင်းသံကြားတိုင်း မုန်းတော့သည်

စောင်းသံတိတ်၍
ပိတ်သည့်တံခါး၊ စောင့်စားခဲ့ရာ
နှစ်ပေါင်းကြာသော်၊ ခန္ဓာကိုယ်လုံး
ချုံနွယ်ဖုံးခဲ့လေပြီတည်း။

တစ်ညသောခါ
ချစ်သူလာ၍၊ မီးဝါထွန်းညှိ
မြင်လေမိလျှင်၊ အားရှိသမျှ
လူးလဲဆရာ၊ အတန်ကြာသော်
ပွင့်လာတံခါး၊ တိုးဝင်သွားသည်
စိတ်လားကိုယ်လား ဝိညာဉ်လား။

ဝိညာဉ်ဟောင်းထ
စောင်းသံတုမှား၊ လှည့်စားပြန်ရာ
သိပါလေလျက်၊ အလွမ်းခက်ပြီ
ငါ့လက်ငါ့ခြေ၊ ငါ့မျက်ရည်ကို
ကဝေပြုစား၊ ဘဝခြား၍
ကျောက်သားပကတိ၊ ဖြစ်လေဘိမှ
အသိနှောင်းစွာ၊ ငိုမိပါသည်
မေတ္တာအသည်း၊ မကွဲတော့နိုင်
ကျောက်စိုင်ကျောက်သားဖြစ်၍နေပြီတည်း။ ။

*'မိုးသောက်လက်ာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com

# လမင်းကို နမ်းမိသဖြင့်

လမင်းကိုမှ၊
နမ်းလိုလှသည်
ဘယ်ညဆုံဆည်း ... နိုင်မည်နည်း။

ညပေါင်းရှည်ကြာ
စောင့်ခဲ့ပါသည်
ကမ္ဘာပြက္ခဒိန် နွမ်းပြီတည်း။

ခါတစ်ညမှု
သာလပြည့်ဝန်း၊ ထိန်ထိန်ရွှန်းဝါ
ထွက်၍လာစဉ်၊ ငါ့မှာလွမ်းငတ်
သူ့အမှတ်ဖြင့်၊ လှနတ်သီတဂူ
ပါးဖြူဖြူကို၊ မွှေးကြူကာရှိုက်
နမ်းမိလိုက်သော်၊ တိမ်တိုက်ကျိန်ဆဲ
ငါ့အသည်းတွင် ...၊
အမည်းတစ်စက်စွန်းခဲ့တကား။ ။

'မိုးသောက်လက်ာပန်းကဗျာများ' မှ

mgyoe.com

mgyoe.com

# အိပ်မက်စမ်းချောင်းနှင့် ကဗျာသစ်ရွက်

အသူတစ်ရာ၊ နက်ရှိုင်းစွာတည့်
ကဗျာအိပ်မက်၊ စမ်းချောင်းထက်တွင်
သစ်ရွက်ကြွေမျော၊ ထိုသဘောသည်
ငိုသောသူတို့လက်ာတည်း။

ရာသီလှည့်ဝတ်
နက္ခတ်စက်အိမ်၊ ငွေတိမ်ရွေ့လျား
ကြယ်ရထားလည်း၊ ဘယ်များပြေးပျောက်
ကိုယ်တစ်ယောက်တည်း၊ မှောင်မည်းကမ္ဘာ
ပန်းသဇ္ဇာတွင်၊ လွန့်ကာလူးလူး
စိတ်ကူးရဲတိုက်၊ လင်္ကာသိုက်ကို
ဖွင့်လိုက်တံခါး၊ ရှိုက်သံများသာ
ကြားရပါသော်၊ ရင်နာကြွေကွဲ
ပုလဲဟာရုံ၊ စီးလျှံမျက်ရည်
မဆည်တော့နိုင်၊ တောမြိုင်နက်နက်
အိပ်မက်ရှည်ရှည်၊ မြင်မက်သည်တွင်
မျက်ရည်သွန်းလောင်း၊ ဤစမ်းချောင်း၌
ပွင့်နှောင်းကဗျာ၊ ကြွေရွက်လွှာတို့
မျှောဟာ... မျှောကာ... စီးဆင်းသတည်း။ ။

*'မိုးသောက်လင်္ကာပန်းကဗျာများ' မှ*

mgyoe.com

mgyoe.com


## ကျွန်ုပ် စမ်းရေစီးသံ

ဟိုအဝေး ... မှ
ကြားရသည်ထင်၊ ငါ့ရှင်နားစွင့်
လေးဖင့်သည့်အသံ
ဘယ်ထံမှစီး၊ ဘယ်ခရီးက
ကွေ့ပြီးကောက်ကောင်လာ
သံဏှာရမက်၊ ဇော့တက်ဝိုက်ဆင်း
သီချင်းမြဲမြဲသီ
တေးဂီလိုင်းယက်၊ ငှက်ယိုယီး
ဒဏ္ဍာရဲ့အဖွင့်
လေနှင့်ရေသီ၊ တွေ့ထိကြပြန်
ကနဦးတေးကာရန်
စီးလျှံကျွန်ုပ် စမ်းရေယာဉ်ပင်တကား။

mgyoe.com